

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# မလျှော့မတင်းကျင့်မှုရမယ်

## သောဏသူဌေးသား

၁၂၆

( ၄ ၊ ၁၂ ၊ ၅၉ )

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# မလျှော့ မတင်း ကျင့်မှရမယ်

(သောဏာသူဋ္ဌေးသား)

(၄-၁၂-၇၉)

စာမူခွင့်ပြုချက် အမှတ် - ၆၆၉/၂၀၀၀ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၈၄ / ၂၀၀၀ (၁၀)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ
တန်ဖိုး - (      )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# မလျှော့ မတင်း ကျင့်မှရမယ်

## (သောဏသုတ္တေးသား)

(၄-၁၂-၅၉)

ဒကာဒကာမတို့အခု ရှေ့က သုံးခုပြပြီးသကာလ ထားတဲ့ဥစ္စာဟာ အရင်ပြောပြီးသားအတိုင်း ဒါလွန်ခဲ့တဲ့ဘဝ လို့ မှတ်ထားကြပါ။

ဒါ ယခုရောက်ဆဲ ပစ္စုပ္ပန်ဘဝ၊ ခန္ဓာငါးပါးရထားတဲ့ ဘဝလို့ မှတ်ထားကြပါ။ နိဗ္ဗာန်မရသေးရင် ကြုံရဆုံရမှာ အနာဂတ်ဘဝလို့ မှတ်ထားကြပါ။ ဘယ်နှစ်မျိုးရှိပါသလဲ။ (သုံးမျိုးရှိပါတယ်ဘုရား)။

ဩော် ဒါဖြင့် ဘဝသုံးပါးမှာ ကျင်လည်မျောပါသွား ရတာ ဘယ်သူ့ကြောင့်တုံးလို့ မေးဖို့လိုမလာဘူးလား . . .

(လိုလာပါတယ်ဘုရား) ဘဝသုံးပါး ကျင်လည်မျောပါ သွား လာနေကြတာ ဘယ်သူ့ကြောင့်ပါလိမ့်မလဲလို့ ဒကာဒကာမ တွေအကြောင်း လက်သည်ကိုရှာကြပါစို့ . . . ။

အကြောင်းလက်သည် ရှာတဲ့အခါကျတော့ တစ်နေ့ ကဟာလေး ပြန်ပြီးမှတ်ထားမှ လည်သာလည်ရတယ် ကိစ္စ မရှိဘူးဆိုတာကို လာမှာလည်း စိုးရိမ်ရတယ်။

ကိစ္စရှိတယ်ဆိုတာလည်း ဒကာဒကာမတွေ သိစေ ချင်တယ်။ ဒီလွန်ခဲ့တဲ့ ဘုန်းကြီးတို့ လာရာဘဝ၊ လာရာဘဝ ကလည်း ခန္ဓာငါးပါး။

ခန္ဓာငါးပါးကြီးက ဘာဖြစ်လာသတုံးလို့ မေးတဲ့အခါ ကျတော့။ ခန္ဓာငါးပါးက နောက်ဆုံးပိတ်အဖြစ်၊ အဖြစ်ဆိုး က ဘာပါလိမ့်မတုံးဆိုတော့ စုတိဆိုတဲ့ အသေဆိုးဟာ ဒါ အတိတ်ဘဝ၏ လမ်းဆုံးလို့ ဆိုလို့ရှိရင် မှန်တယ်လို့ပဲ ဆုံး ဖြတ်ချက်ချရမှာပဲ . . . (မှန်ပါ)။

## အတိတ်ဘဝ၏ လမ်းဆုံးဟာ စုတိ

အတိတ်ဘဝ၏ လမ်းဆုံးဟာ စုတိပဲ။ သေတာပဲ သဘောကျပလား (ကျပါပြီ) သေပြီး၊ ပြီးတာပဲလားလို့ မေးတဲ့ အခါကျတော့ မပြီးသေးဘူး။ ဒါကြောင့် ဒီသေတဲ့ အချက် ကလေးဟာလည်း ဒကာဒကာမတွေ တစ်နေ့က နာပြီးသား

ဖြစ်နေတော့ အာသဝ အစရှိသည်တို့ ပြောချင်လို့ ဒါစလာတယ်လို့ မှတ်ရမယ် . . . (မှန်ပါ့)။

စုတိဘာသစ္စာတဲ့. . . (ဒုက္ခသစ္စာပါဘုရား) ဩော် . . . အတိတ်ဘဝ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာနဲ့ ဇာတ်သိမ်းခဲ့ရတာ ဘုန်းကြီးတို့ ဒကာဒကာမတွေ အတိတ်ဘဝက ဘာနဲ့ ဇာတ်သိမ်းခဲ့ရလဲ . . . (ဒုက္ခသစ္စာနဲ့ပါဘုရား)။

## နောက်ဘဝက ဆင်းရဲအမှန်နဲ့ ဇာတ်သိမ်းခဲ့တယ်

ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ မောင်နိုင် ဆင်းရဲအမှန်နဲ့ ဇာတ်သိမ်းခဲ့ကြရတယ် (မှန်ပါ) ဆင်းရဲအမှန်နဲ့ ဇာတ်သိမ်းခဲ့ကြရတယ်ဆိုတာ ဒကာဒကာမတွေ လွန်ခဲ့တဲ့ ဘဝကဖြင့် အခုသာ ဉာဏ်နဲ့ကြည့်ပါတော့။

ဩော် ဒို့ နောက်ဘဝက ဘာဖြစ်ခဲ့ပါလိမ့်ဆိုတော့ ဘာမှ မဖြစ်ခဲ့ဘူး။ ဒကာဒကာမတွေ ဆင်းရဲအမှန်နဲ့ ဇာတ်သိမ်းခဲ့တယ် ရှင်းကြပလား (ရှင်းပါပြီ) နောက်ဘဝက ဘာနဲ့ ဇာတ်သိမ်းခဲ့ကြပါလိမ့် . . . (ဆင်းရဲအမှန်နဲ့ ဇာတ်သိမ်းခဲ့ရပါတယ်ဘုရား)။

ဆင်းရဲတာမှ မှန်လိုက်တဲ့ဖြစ်ခြင်း၊ စုတိပိဒုက္ခသစ္စာဆိုတာလည်း ငြင်းစရာ မရှိအောင်ပဲ မှန်ပြီးသကာလ နေတယ်။ ဆင်းရဲအမှန်နဲ့ ဇာတ်သိမ်းပြီးသကာလ ယခု ဒီဘဝ

အမေ့ဝမ်းခေါင်းထဲကို ရောက်ပြီးသကာလ ဘုန်းကြီးတို့ ဒကာဒကာမတွေ ရောက်ပြီးသကာလ လာကြတယ်။

လာကြတော့လည်း အင်း . . . ဘယ်နေရာများ ရောက်ပါလိမ့်မတုံးလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်) ဇာတိပဋိသန္ဓေရောက်ပြီ. . . (မှန်ပါ့)။

ဇာတိပဋိသန္ဓေနဲ့ မနေကြရပေဘူးလား . . . (နေကြရပါတယ်) ပစ္စုပ္ပန်ဘဝအစ ဇာတိကပေါ့ဗျာ . . . (မှန်ပါ့)။

## ယခုဘဝမှာ ဆင်းရဲအမှန်နဲ့ စကြရပြန်ပြီ

ဇာတိသစ္စာလေး ဒကာဒကာမတွေက ဖွဲ့လိုက်ပါဦး . . . (ဒုက္ခသစ္စာပါဘုရား) ဩော် ဒုက္ခသစ္စာနဲ့ပဲ စရတယ် စရပြန်ပြီ ဒီဘဝ။

အင်း . . . အတိတ်ဘဝကလည်း ဘာနဲ့ အဆုံးသတ်ခဲ့ကြ . . . (ဒုက္ခသစ္စာနဲ့ပါ) ဩော် . . . ဒုက္ခသစ္စာနဲ့ အဆုံးသတ်ပြီး ယခုဘဝမှာလဲ ဘာနဲ့စရသလဲ (ဒုက္ခသစ္စာနဲ့ပါ)။

ကိုယ်ကျိုးနည်းပြီ၊ ကိုယ်ကျိုးနည်းပြီ ဒကာဒကာမတို့ ဟိုဘက်ဘဝကလည်း ဒုက္ခသစ္စာနဲ့ အဆုံးသတ်ခဲ့တယ် ဒီဘဝရောက်ရင်တော်ရောလားလို့ အောက်မေ့လိုက်တယ် ဒုက္ခသစ္စာနဲ့ စရတယ်။

## အနေမှာလည်း ဆင်းရဲအမှန်နဲ့ နေကြရပြန်ပြီ

ဇာတိပိဒုက္ခသစ္စာလို့ ဘုရားအဆူဆူတိုင်း ဟောတယ်။ မှန်လည်း မှန်ပါပေတယ်။ ဒီဘဝ ဒကာဒကာမတွေ နေပြန်တော့လည်း၊ ဇရာအသက်ရှင်သလောက်ကလေး နေရပြန်တော့ သွားလား၊ လာလား၊ နေတာထိုင်တာ ပြောလားဆိုလားနဲ့ ရုပ်နာမ်တွေဟာ ဖြစ်ပျက်သဘောနဲ့ နေရတော့၊ ဩော် . . အနေမှာလည်း ဒုက္ခသစ္စာနဲ့ပဲလို့ပဲ ဆုံးဖြတ်ချက်ချလိုက်ပါတော့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

အနေမှာလဲ ဘာပါလိမ့် (ဒုက္ခသစ္စာပါ) ကိုင်း . . . ဒီဘဝလည်း သက်တန်းစေ့လို့ ကျုပ်တို့ မလွဲသာတဲ့ အကြုံမျိုး ကြုံကြပါစို့ဆိုတော့ သေရမှာပဲ၊ မသေရပေဘူးလား . . . (သေရမှာပါဘုရား)။

## ချမ်းသာဟူသမျှ မြူစမှမပါ

အဲဒီအသေ၊ သူတို့ပါသွားတဲ့ အသေကိုလည်း သစ္စာလေးဖွဲ့လိုက်ပါဦး (ဒုက္ခသစ္စာပါဘုရား) ဩော် ဒကာဒကာမတို့ အနေဒုက္ခသစ္စာနဲ့ ဇာတ်သိမ်းရမယ်ဆိုတော့ အရိယာမျက်လုံး တပ်ပြီးကြည့်မယ်ဆိုလို့ရှိရင်ဖြင့် "ချမ်းသာဟူမျှ

မြူစမှမပါ" ဆိုတဲ့ အဓိပ္ပါယ် ရှင်းပြီ (ရှင်းပါပြီဘုရား)။ မရှင်းဘူးလား. . . (ရှင်းပါပြီ)။

ကဲ ဒါဖြင့် ပစ္စုပ္ပန်ဘဝ၊ ယခုဘဝ၊ ဘုန်းကြီးကော၊ ဒကာဒကာမတွေကော သေကြကြေကြပါစို့ဆိုတော့ ဒုက္ခသစ္စာနဲ့ ဇာတ်သိမ်းကြဖို့နော် (တင်ပ့ါ)။

ဘုန်းကြီးဟောတဲ့တရား၊ ဘုရားဟောတော်မူတဲ့ တရား၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ မရလို့ သစ္စာမရကြသေးဘူး ဆိုလို့ရှိရင် အနာဂတ်ဘဝတော့ဖြင့် မကြုံမရှိတော့ဘူး။

ကြုံတော့ အနာဂတ်ဘဝ ဇာတိကစပြန်လို့ရှိရင် လည်း ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ) ဩော် ဒါဖြင့် ပထမ ဘဝ၊ အတိတ်ဘဝကလည်း ဒုက္ခသစ္စာနဲ့ အဆုံးသတ်ပြီး ပစ္စုပ္ပန်ဘဝ ဒုက္ခသစ္စာနဲ့စ၊ အလယ်ဒုက္ခသစ္စာနဲ့နေ၊ အဆုံး ဒုက္ခသစ္စာနဲ့ဆုံး။

ဆုံးရာကနေပြီး အနာဂတ်ဘဝ၊ ဒကာဒကာမတွေက စလိုက်ပြန်ပြီဆိုမှဖြင့် ဒုက္ခသစ္စာပဲ ပြန်ရတော့ ဒုက္ခတွေနဲ့ ချည်း ဆွဲဆွဲသွင်းတာ လက်သည်ရှာကြပါစို့ ဆိုတဲ့အဓိပ္ပါယ် ဟာ ရှင်းသွားပြီနော်။

**သမုဒယသစ္စာမှာ၊ အပေါ်ရှိသေးတယ်။**

လက်သည်ရှာကြပါစို့ ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့

တစ်နေ့က လောဘပြောခဲ့ရတယ်။ သမုဒယသစ္စာ ပြောခဲ့တယ်။ အခုပြောရမှာကတော့ သမုဒယသစ္စာမှာ အဖော်ရှိသေးတယ်ဟေ့လို့။ ဒကာဒကာမတွေကို ပြောချင်လို့ ဒီတရားစလာတာပဲ (မှန်ပါ့)။

သမုဒယသစ္စာဟာ သူချည်းသက်သက်နဲ့ မစွမ်းနိုင်ဘူးကွ. . . အကူအညီတွေနဲ့ယူပြီးသကာလ ဒီဒုက္ခတွေ၊ ဆွဲသွင်းနေတာပါကွ ဆိုလို့ရှိရင်လည်းအမှန်ပါပဲ ဆိုတာကို ဆုံးဖြတ်ချက်ချရလိမ့်မယ်နော်။

**အာသဝ၏ ဒဏ်ချက်**

အာသဝေါတရားလေးပါး၏ ဒဏ်ချက်၊ အာသဝေါတရားလေးပါးက တစ်ခုသော ဒုက္ခသစ္စာပြီးလို့ရှိရင် တစ်ခုသော ဒုက္ခသစ္စာထဲသို့ အာသဝက တစ်ခါတည်း မျှောပေးလိုက်တယ် (မှန်ပါ့)။

ဒီကနေပြီး မျှောပေးလိုက်တော့ ဒုက္ခသစ္စာ ကျုပ်တို့ အဆက်မပြတ်ဘူး၊ ပြတ်သေးရဲ့လား (မပြတ်ပါဘုရား)၊ ဩော် အာသဝဒဏ်ချက် ကျုပ်တို့ဖြင့် ခန္ဓာဒုက္ခနဲ့သာ ကြုံရတယ်လို့ပဲ ပြောကြပါစို့။

တစ်ခုသော ဒုက္ခပြီး၊ တစ်ခုသော ဒုက္ခကို၊ သယ်ပို့ယူဆောင်ပြီးသကာလ အရောက်ပို့တာ ဘယ်သူပါလိမ့် . . . (အာသဝပါဘုရား)။

## အာသဝမကုန်ရင် ဒုက္ခမကုန်ပါ

ဒါကြောင့် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတွေ၏ ဒဏ်ချက်ပဲဆိုတာဖြင့် သဘောကျလောက်ပါပြီ . . . . (ကျပါပြီ) တစ်ခုသော ဒုက္ခအဆုံးမှာ တစ်ခုသော ဒုက္ခအစကို မရရအောင် သယ်ယူပို့ဆောင် ပို့လိုက်တာ ဘယ်သူပါလိမ့် . . . (အာသဝပါ)။

ဒါကြောင့်တဲ့ အာသဝ မဆုံးသေးသ၍ ကျုပ်တို့သည် ဒုက္ခမကုန်ဘူးဆိုတာကိုလည်း သေသေချာချာသာ မှတ်ကြပါတော့ အာသဝမကုန်ရင် . . (ဒုက္ခမကုန်ပါ)။

ဒုက္ခမကုန်ဘူးဆိုတာ ရှင်းကြလင်းကြပါပြီလား (ရှင်းပါပြီ) တစ်ခါ ပစ္စုပ္ပန်ဘဝ၊ အခုဘဝ၊ သေရမယ့်စုတိမှာ နောင်အနာဂတ်ဘဝ အနာဂတ်ဒုက္ခကြီးနဲ့ ဆက်သွယ်ပေးလိုက်တာ ဘယ်သူတုံး . . . (အာသဝပါ)။ အာသဝတို့ ဩဃတို့ ယောဂတို့ပေါ့ဗျာ၊ သဘောကျပလား . . . (ကျပါပြီ)။

## အာသဝ၏ စွမ်းရည်သတ္တိ

ဒီလိုချည့်ပဲ ကျုပ်တို့သည် တစ်သံသရာလုံးဖြင့် တစ်ခုသော ဒုက္ခဆီက တခုသော ဒုက္ခဆီကို အရောက်ပို့တာ အာသဝေါတို့၏ စွမ်းရည်သတ္တိကဖြင့် သူတို့မကုန်သ၍

ကျုပ်တို့မှာ တစ်ခုသော ဒုက္ခနဲ့ တခုသော ဒုက္ခကို အခြား မရှိအောင် ဆက်ပေးပါလိမ့်မယ်ဆိုတာကို မှတ်လိုက်တာပေါ့ (မှန်ပါ့)။

အခြားမရှိအောင် ဆက်ပေးပါလိမ့်မယ် ဒကာ ဒကာမတို့ (မှန်ပါ့) အခြားမရှိအောင် ဆက်ပေးဆိုတာ ရှင်းရှင်းလင်းလင်းပဲ မှတ်လိုက်ပါဦး။

## အနန္တရပစ္စည်းက ကျေးဇူးပြုတယ်

အနန္တရ ပစ္စယောဆိုတာ ကြားဘူးကြလိမ့်မယ်၊ အနန္တရ ပစ္စယောဆိုတာ ကြားဘူးကြလိမ့်မယ်။ မြန်မာလို ပြန်လိုက်တဲ့အခါ အခြားမရှိမူ၍၊ ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ ဘယ်လိုပါလိမ့် . . . (အခြားမရှိမူ၍ ကျေးဇူးပြုတတ်သောတရားပါ)။

အဲဒီ အသင့်ရှိသည့် ဟောဒီယခုရောက်ဆဲဖြစ်တဲ့ ပစ္စုပ္ပန်အမေ့ဝမ်းခေါင်းထဲ ရောက်တဲ့ ပဋိသန္ဓေနဲ့ဟာ ကြားထဲ မှာ လေတောင်မသွေးလိုက်ပါဘူး။ ဒကာဒကာမတွေ ကြားထဲမှာ လေတောင် မသွေးလိုက်ပါဘူးတဲ့။ အခြားမရှိ ပါဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

သေခြင်းဆင်းရဲပြီးတော့ နေခြင်းဆင်းရဲလာတယ် (မှန်ပါ့) သေခြင်းဆင်းရဲပြီးတော့ (နေခြင်းဆင်းရဲလာပါ တယ်)။

အင်း ဘုန်းကြီးတို့ ဒကာဒကာမတွေ၊ ဆင်းရဲနှစ်ခုကို တစ်ဆက်တည်း စပ်ပေးလိုက်တာသည်၊ ပဋ္ဌာန်းနည်းနဲ့ ပြောတော့ အနန္တရပစ္စည်းလို့ဆိုရမယ်။

## သုတ္တန်နည်း

သုတ္တန်နည်းနဲ့ပြောရလို့ရှိရင် အာသဝေါတရားတို့၏ ဆက်သွယ်မှုပဲ၊ ပဋ္ဌာန်းနည်းနဲ့ ပြောလို့ရှိရင် . . . (အနန္တရပစ္စည်း) အနန္တရက အနန္တရပစ္စယောဆိုပြီး ကျေးဇူးပြုချလိုက်တယ်၊ အဘိဓမ္မာနည်းနဲ့။

သုတ္တန်နည်းနဲ့ ဆိုလို့ရှိရင် အာသဝေါတရားက ဆက်သွယ်ပေးလိုက်တာပဲ၊ စုတိဒုက္ခနဲ့ ပဋိသန္ဓေဒုက္ခ ဆက်သွယ်ပေးလိုက်တာပဲ။ သုတ္တန်နည်းမှာ အာသဝေါတရားတို့၏စွမ်းရည်သတ္တိ သဘောကျပလား (ကျပါပြီ)။

## အဘိဓမ္မာနည်း

အဘိဓမ္မာနည်းမှာ အနန္တရ၏ စွမ်းရည်သတ္တိ ရှင်းကြပလား (ရှင်းပါပြီ) သုတ္တန်နဲ့ အဘိဓမ္မာနှစ်ခုစလုံး ညီအောင် ဟောနေတယ်လို့ မှတ်ပါနော်။

ကိုင်း ပစ္စုပ္ပန်ဘဝ အခုဘဝမှ အနေဒုက္ခတွေ ပေးပြီး သကာလ သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ မလွဲသာ

မရှောင်သာ အသေဒုက္ခက ကြုံကြရတယ်။ ရောက်မယ်ဆိုတဲ့ ဥစ္စာ ဒကာဒကာမတွေ မငြင်းကြပါနဲ့နော်။

အဲဒီအသေဒုက္ခနဲ့ အနာဂတ်ဘဝ နိဗ္ဗာန်မရလို့ ဘုန်းကြီးပြောတဲ့တရား၊ ဘုရားဟောတော်မူလို့တရားတွေ အားမထုတ်ကြတော့ဘူးဆိုရင်ဖြင့် အနာဂတ်ဘဝကို လာလတ္တံ့ ဘဝဖြစ်တဲ့ ပဋိသန္ဓေဒုက္ခနဲ့ သွားဆက်ဦးမယ် . . . (မှန်ပါ့)။

အဲတာလဲ အနန္တရပဲ အဘိဓမ္မာနည်းနဲ့ သုတ္တန်နည်းနဲ့ တော့ အာသဝက ဆက်ပေးတယ် သဘောကျပလား (ကျပါ ပြီ) သုတ္တန်နည်းနဲ့တော့ (အာသဝက ဆက်ပေးပါတယ်)။

ဪ ဒါဖြင့် ဒီအာသဝဟာ ဩဃ၊ ယောဂတို့ကို ကျုပ်တို့ မကျော်လွှန်နိုင်၊ မကူးမခတ်နိုင်၊ မဖြောင့်တတ်နိုင် သည် ဆိုမှဖြင့် တပည့်တော်တို့ ဘာဖြစ်ရမှာတုံး ဘုရားလို့ မမေးပါနဲ့တော့ အင်မတန် ဝမ်းနည်းစရာ ကောင်းပါတယ် နော်. . . ။

**အာသဝမကျော်နိုင်ရင် ဒုက္ခဟာ ကိုယ်ပိုင်ပစ္စည်း**

ဒီအာသဝ၊ ဩဃ၊ ယောဂတွေ ဒကာဒကာမတွေ ဘုရားဟောတော်မူတဲ့အတိုင်း၊ ဆရာသမား ဆုံးမတဲ့အတိုင်း အဖြောင့် မကောက်ကြတော့ဘူးဆိုရင်ဖြင့် တပည့်တော်တို့

ဘာမှမဖြစ်ဘူး၊ တစ်ခုဒုက္ခပြီး၊ တစ်ခုဒုက္ခဟာ မင်းတို့ ကိုယ်ပိုင်ပစ္စည်းပဲလို့ ဒါပဲ ပြောရမယ်။

တစ်ခုဒုက္ခပြီး၊ တစ်ခုဒုက္ခဟာ . . . (ကိုယ်ပိုင်ပစ္စည်း ပါ) အဲဒီကျသွားတယ် မရှင်းသေးဘူးလား . . . (ရှင်းပါ တယ်)။

အဲတော့ ဒကာဒကာမတို့ ဒီလိုလုပ်ကြပါပေတော့၊ ဒီလိုပဲ ခင်ဗျားတို့ ဟောတာ အတိတ်ဘဝ၊ ဟောတာက ပစ္စုပ္ပန် ဘဝ၊ ဟောတာက အနာဂတ်ဘဝ၊ အနာဂတ်ဘဝ ဖြစ်ပြီးရင်လည်း၊ ဒီဘက် ပြန်လှည့်ဦးမှာပဲ ဒါ ပစ္စုပ္ပန်ပြန် ဖြစ်ရမယ် မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

အနာဂတ်ဘဝက သေပြန်တော့ကို၊ အင်း ဘယ်သွား ပါသတုံးဆို၊ ကြုံရာယခုဘဝ ပြန်ရောက်လာတော့၊ ပစ္စုပ္ပန် ပဋိသန္ဓေနဲ့ ပြန်ဆက်မယ်။

ပစ္စုပ္ပန်စုတိနဲ့ ဒကာဒကာမတို့ဟောဒီ အနာဂတ် ပဋိသန္ဓေနဲ့ ပြန်ဆက်တယ်၊ ဟောဒီ ပဋိသန္ဓေနဲ့ ပြန်ဆက် တယ်၊ မဆက်ဘူးလား (ဆက်ပါတယ်) ဆက်တော့ ဘဝ သုံးပါးကျင်လည် ပြေးသွားကုန်သောဆိုတာ ဒါပဲ။

ဘာသစ္စာတွေနဲ့ သွားလာနေကြပါလိမ့် . . . (ဒုက္ခ သစ္စာတွေနဲ့ပါ) ဩော် . . . အသေဒုက္ခသစ္စာနဲ့ အနေဒုက္ခ သစ္စာနဲ့ ဒါပဲ လှည့်နေတယ်၊ ဘာတွေ လှည့်နေပါလိမ့် (ဒုက္ခ သစ္စာတွေ လှည့်နေပါတယ်)။

**အနေဒုက္ခသစ္စာ၊ အသေဒုက္ခသစ္စာ**

ဩော် . . . ရှင်းရှင်းပြောပါဆိုတော့ အသေဒုက္ခသစ္စာနဲ့ . . . (အနေဒုက္ခသစ္စာပါ) အနေဒုက္ခသစ္စာနဲ့ လှည့်နေတယ် သဘောကျပလား (ကျပါပြီ) အဲဒီအနေဒုက္ခသစ္စာနဲ့ ဘာနဲ့လှည့်နေလဲ . . . (အသေဒုက္ခသစ္စာနဲ့လှည့်)။

အဲဒီ အသေဒုက္ခသစ္စာပြီးတော့ ဘာနဲ့ လာပြန်လဲ (အနေဒုက္ခသစ္စာနဲ့ လှည့်ပါတယ်) အနေဒုက္ခသစ္စာနဲ့ ဘာနဲ့ ဆက်ပြန်လဲ . . (အသေဒုက္ခသစ္စာနဲ့ပါ) အဲဒီ အသေဒုက္ခသစ္စာနဲ့ ဘာနဲ့ ဆက်ပြန်လဲ . . . (အနေဒုက္ခသစ္စာနဲ့ပါ)။

ကိုင်း ဒကာဒကာမတို့ ဩော် . . . သံသရာ သူများပြောနေတာက ဒီလောက်မဆင်းရဲဘူး အောက်မေ့နေတာ ယခုဘဝသုံးပါး ကူးသန်းသွားလာနေပုံတွေကို သေသေချာချာ ရှင်းပြတော့မှ ဩော် ကောင်းဆိုတာ မြူစမှ မပါပါကလားဆိုတာ သေချာရှင်းသွားပြီ။

အကောင်းဆိုတာ မြူစမပါဘူး၊ ပါကြသလား . . . (မပါပါဘူး) ဒါဖြင့် ဒကာဒကာမတို့ဒီဖို့ခနောက်ဆိုင်ပါ ကူးနေကြတော့မှာလားဆိုတဲ့ဥစ္စာ မောင်နိုင်တို့ ကိုမြင့်တို့ မေးဖို့လိုလာပြီ (မှန်ပါ့)။

**မျက်စိကန်း တစ္ဆေမကြောက်**

ဒီလိုပဲ ကူးနေကြတော့မလားဆိုတော့ မျက်စိကန်း တစ္ဆေမကြောက် သွားနေကြတော့မလားလို့ မေးတာပဲ ဘယ်လိုများ မေးပါလိမ့် (မျက်စိကန်း တစ္ဆေမကြောက် သွားနေကြလို့ပါ) မျက်စိကန်း တစ္ဆေမကြောက်သွားနေကြ တော့မှာလားလို့ ဒါပဲ မေးစရာရှိတော့တယ် . . . (မှန်ပါ့)။

မျက်စိကလဲ အကန်းနောက် သွားရတယ်၊ တစ္ဆေတွေ ကလည်း သရဲသဘက်တွေကလည်း ဘယ်လိုပဲ အန္တရာယ်နဲ့ ဂုတ်ချိုးစားမယ်ဆိုလဲ မျက်စိကန်းတော့ သွားမြဲသွားမှာပဲ မျက်စိကန်းတဲ့ဒုက္ခကြောင့် အသေခံရတဲ့ ဒုက္ခကြုံရမှာပဲ သဘောကျပလား (ကျပါပြီ)။

အဲဒါကြောင့် ဒကာဒကာမတို့ ဒီခရီးနဲ့ ဒီခရီးဖြင့် အကောင်းမပါဘူးဆိုတာကိုဖြင့် သစ္စာဉာဏ်နဲ့သာ ကြည့်ကြ ပါတော့၊ ဆုံးဖြတ်ချက်ချပေးပါပြီ။ အကောင်းမပါပါဘူး သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဩဃလေးပါးသည် ဒကာဒကာမတို့ကို ဒီဘဝက ဒီဘဝမျှောလိုက်၊ ဒီဘဝက ဒီဘဝမျှောလိုက်၊ တစ်ခုသောဒုက္ခပြီးရင်၊ မင်းကိုယ်ပိုင် နောက်တစ်ခုသော ဒုက္ခ ရောက်လိမ့်မယ်။

မင်း တစ်ခုသော ဒုက္ခဖြစ်လို့ရှိရင် မင်းကိုယ်ပိုင်

နောက်ထပ်တစ်ခုသော ဒုက္ခရလိမ့်မယ်ဆိုတော့ ဆုကြီးလာဘ်ကြီးက တစ်ခုမှ အကောင်းမပါဘူး။ ပါကြပါရဲ့လား . . . (မပါပါဘူး)။

## ကာမောဃနှင့် ဘဝေါဃ

ဆုကြီးလာဘ်ကြီးတစ်ခုမှ အကောင်းမပါပါ၊ ဒါကို ကျုပ်တို့က ဘယ်ဘဝရောက်ရပါလို၏၊ ဟိုဘဝရောက်ရပါလို၏၊ ဒီဘဝရောက်ရပါလို၏ ဆိုတော့၊ ဩော် . . . ရောက်ရပါလို၏ ဆိုတဲ့တဏှာက ကာမောဃ၊ ရောက်ရာဘဝ ဒုက္ခသစ္စာလို့ မသိတာက ဘဝေါဃလို့ ခေါ်သည်၊ သဘောကျပလား . . . (ကျပါပြီ)။

ဟိုဘဝ ဒီဘဝ မျှော်တာက ကာမောဃပေါ့ဗျာ၊ သဘောကျပလား (ကျပါပြီ) ဟိုဘဝ ဒီဘဝ ရောက်အောင်မျှော်တာက၊ ကာမောဃ၊ ဟိုဘဝ ဒီဘဝ ရောက်ရာပျော်နေတာက ဘဝတဏှာဆိုတော့ ဘဝေါဃ။

## ဒိဋ္ဌောဃနှင့် အဝိဇ္ဇောဃ

ရောက်ရာဘဝမှာ ငါ့သား ငါ့သမီးလို့ထင်နေတာက ဒိဋ္ဌောဃ သဘောကျပလား . . . (ကျပါပြီ) ရောက်ရာဘဝမှာသစ္စာတွေ ရှိပါလျက်နဲ့ မမြင်တာက အဝိဇ္ဇောဃ၊

ကိုင်း . . . ဒကာဒကာမတို့ သဘောပါကြရဲ့လား . . . (ပါ ပါတယ်ဘုရား)။

ကာမောဃက မျှောတယ်၊ ဟောဒီစုတိကနေပြီး သကာလ ဒီဘက်ပဋိသန္ဓေဘက်ကို မျှောချလိုက်တာက ကာမောဃ၊ ကာမောဃဆိုတာ လောဘပေါ့ဗျာ။

အဲဒီရောက်ရာဘဝမှာ တစ်ခါတည်း၊ သားနဲ့သမီးနဲ့၊ ဆွေနဲ့မျိုးနဲ့၊ တွင်းနဲ့ကျင်းနဲ့၊ အရောင်းအဝယ်နဲ့၊ ချော့ထား လိုက်တာက ဘဝတဏှာဆိုတဲ့ ဘဝေါဃ။

အဲဒီရောက်ရာသားသမီးတွေကိုပင်လျင်၊ ငါ့သား သမီးပဲ၊ ငါ့ကိုယ်ငါ့ဟာတွေပဲဆိုတာက ဒိဋ္ဌောဃ။

ဒီခန္ဓာကြီး၊ ဒုက္ခသစ္စာကြီးကို နည်းနည်းမှ မကြည့်မိ တာက အဝိဇ္ဇောဃ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ဘယ်သူ့လက်ချက်နဲ့ ကျုပ်တို့သည် မျောပြီး သကာလ ဒုက္ခဖြစ်ရပါလိမ့်လို့ မေးလို့ရှိရင် ဩဃလေးပါး တို့၏ ဒါဏ်ချက် ပေါ်ကြပလား ပေါ်ပါပြီ၊ ဘယ်သူ့ဒါဏ်ချက် ပါလိမ့် . . . (ဩဃလေးပါးတို့၏ ဒါဏ်ချက်ပါ)။

## အာသဝေါတရားကုန်မှ နိဗ္ဗာန်

ဒါကြောင့် အာသဝေါတရားကုန်မှ နိဗ္ဗာန်ရောက် မယ်၊ မဟောသင့်ဘူးလား . . . (ဟောသင့်ပါတယ်)။

အာသဝေါတရားကုန်မှ နိဗ္ဗာန်ရောက်မယ်ဆိုတာ၊ သေသေချာချာဟောသင့်တယ်ဆိုတာ၊ အခုဩဃလေးပါး မျှောလိုက်တာ၊ တစ်ခုသော ဒုက္ခပြီးတစ်ခုသော ဒုက္ခဆီ အရောက်ပို့တာ၊ ဩဃလေးပါးက မျှောယူဆောင်ပြီး၊ ပို့လိုက်တယ်ဆိုတာသာ မှတ်လိုက်ပါတော့ . . . (မှန်ပါ့)။

ဘယ်လောက်ကြောက်စရာကောင်းသလဲ ဒကာ ဒကာမတို့၊ ဒါကြောင့် ဒီလို သွန်သင်ပြသမည့် ဆရာကောင်း သမားကောင်းနဲ့လည်း ကြုံတဲ့အခါ၊ ထောင်တတ်တဲ့နား ကလေးနဲ့ ဘဝပါရမီပါတဲ့အခါမှာ ကျင့်တတ်တဲ့ဉာဏ် ကလေးနဲ့ အာသဝေါဖြုတ်ကြပါတော့ (မှန်ပါ့)။

## ကျင့်တတ်တဲ့ဉာဏ်ကလေးအသုံးချစမ်းပါ

ဟောတတ်တဲ့ ဆရာနဲ့လဲ ကြုံပါပြီ ထောင်တတ်တဲ့ နားနဲ့ကော (ရပါပြီ) ကျင့်တတ်တဲ့ဉာဏ်ကလေး အသုံးချစမ်း ပါဆိုတာကိုဖြင့် ဘုန်းကြီးများက မေတ္တာရပ်ပါတယ် သဘောကျလား (ကျပါပြီ)။

ဟောတတ်တဲ့ဆရာနဲ့လည်း (ပြည့်ပါပြီ) ထောင် တတ်တဲ့နားနဲ့လည်း (ပြည့်ပါပြီ) ကျင့်တတ်တဲ့ဉာဏ်လေး အသုံးချမှုကို လိုနေကြတယ်၊ ဘာလေးလိုပါလိမ့် (ကျင့်တတ် တဲ့ ဉာဏ်အသုံးချမှုလိုပါတယ်) တော်တော် အရေးကြီးတဲ့ အချက်ဆိုတာ မှတ်လိုက်စမ်းပါ။

## ဟောတတ်တဲ့ဆရာလည်းကြုံပါပြီ

တော်တော်အရေးကြီးတဲ့ အချက်ပဲဆိုတဲ့ဥစ္စာ ဟောတတ်တဲ့ ဆရာနဲ့ကြုံဖို့ဟာလည်း ဒုလ္လဘလို့အင်္ဂုတ္တိုရ်မှာ လာထားတယ်နော်။

ထောင်တတ်တဲ့နားနဲ့ ကြုံဖို့ရာကော . . . (ဒုလ္လဘ ပါ) အင်မတန်ရခဲတယ်၊ တောထဲမှာရှိတဲ့ဆင်တွေ လူတွေ သွားဟောလို့ ဘယ်မှာနားလည်မလဲ၊ ထောင်တတ်တဲ့နား မပါဘူး၊ ဘယ်နည်းနှင့်မှ အာသဝေါကုန်ရာ နိဗ္ဗာန်ရောက် နိုင်မလဲ (မရောက်နိုင်ပါ)။

## ထောင်တတ်တဲ့နားလည်း၊ ရှိပါပြီ

ခင်ဗျားတို့မှာတော့ ဟောတတ်တဲ့ ဆရာနဲ့ကြုံ၊ ထောင်တတ်တဲ့နားနဲ့လည်း ရှိပြီ၊ ကျင့်တတ်တဲ့အကျင့် ကလေး၊ မကျင့်လိုက်မှာကိုဖြင့် ခင်ဗျားတို့ အင်မတန် အကြီးအကျယ် လွဲလို့ မဟာအလွဲတော်ကြီးပဲဆိုတာ ကိုယ့် ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဟောတတ်တဲ့ ဆရာကြုံပါပြီလား . . . (ကြုံပါပြီ) ထောင်တတ်တဲ့ နားရှိတာကြုံပါပလား (ကြုံပါပြီ) ကျင့်တတ် တဲ့ဉာဏ်ကလေးနဲ့ မကျင်မှာဖြင့် ခင်ဗျားတို့အကြီးဆုံးသော

ဗုဒ္ဓုပ္ပါဒ ဒုလ္လဘလွဲတာပဲ။

သဒ္ဓါသမ္ပတ္တိဘာဝ ဒုလ္လဘလွဲတာပဲ၊ မလွဲဘူးလား . . . (လွဲပါတယ်) ကျင့်တတ်တဲ့ဉာဏ်ကလေး တစ်လုံးသာ ဖြည့်ပါတော့လို့ ဘုန်းကြီးတို့က မေတ္တာရှေ့ထားပြီးသကာလ အင်မတန်ပဲ ပြောပါတယ်ဆိုတာ ဒကာဒကာမတွေက လေးစားစွာနဲ့ပဲ မှတ်စေတာပဲ သဘောကျပလား . . . (ကျပါပြီ)။

## ဆင်ခြေတွေ မလဲကြပါနဲ့တော့

ဆင်ခြေတော့ဖြင့် မလဲကြပါနဲ့၊ ပြောလိုက်တယ်နော် ကျင့်တတ်တဲ့ ဉာဏ်ကလေးနဲ့ အသုံးချကြပါဆိုတာ၊ ဆင်ခြေတော့ဖြင့် မလဲကြနဲ့၊ လဲတဲ့ ဆင်ခြေတွေဟာ အာသဝေါက ဆိုတာ ခင်ဗျားတို့ စွဲချက်တင်ပါ (မှန်ပါ့)။

လဲတဲ့ ဆင်ခြေတွေဟာ ဘာပါလိမ့် (အာသဝေါက ပါဘုရား) လဲတဲ့ ဆင်ခြေတွေဟာ ဒကာဒကာမတို့ အာသဝကနော် . . . သဘောကျပလား (ကျပါပြီ)။

ကာမာသဝက၊ သားကိစ္စရှိသေးတယ် သမီးကိစ္စ ရှိသေးတယ် ဘုရား၊ ဝတ်ရေးစားရေးက ရှိသေးတယ်၊ ဒါ မပြည့်စုံရင် မခက်ဘူးလား၊ ကာမာသဝက တားတယ်၊ သဘောကျပလား (ကျပါပြီ)။

တပည့်တော် ဒီအရေးတွေက ရှိသေးတယ်ဆိုတာ ဘယ်သူပါလိမ့် (ကာမာသဝပါ) ဆင်ခြေလဲရင် အာသဝ ပါတယ် ရှင်းပလား (ရှင်းပါပြီ)။

ချည်နှောင်လို့ တုပ်လှည့်ပြီးသကာလ၊ ဟောနေတယ်လို့ ဦးခန့်တို့ ဦးဘလေးတို့ မယူပါနဲ့၊ မယုံလဲကြည့် ခင်ဗျားတို့ လဲတဲ့ဆင်ခြေကို ဘုန်းကြီးက တရားကိုယ်ကောက်ပြမယ်။

လဲတဲ့တင်ခြေမှာ ခင်ဗျားဝမ်းထဲမှာ၊ အခုအချိန်မှာ ဘယ်သူကလဲ နေတာလည်း၊ ကာမာသဝကလည်း နေတာ များတယ်၊ သဘောကျပလား (ကျပါပြီ) ကာမာသဝက လဲနေတာများတော့ ဘဝါသဝကလည်း ဒီလိုလုပ်ကိုင်နေ ရတာကို ပျော်နေတယ်၊ သဘောကျပလား (ကျပါပြီ)။

ဒိဋ္ဌာသဝကလည်း ငါရှိနေတော့ ငါ့သား၊ ငါ့သမီး၊ ဘယ်သူကျွေးမှာတုံး၊ ဒိဋ္ဌာသဝကလည်း ဒါသူဆင်ခြေလဲ တာပဲ၊ အဝိဇ္ဇာသဝကလဲ၊ ခန္ဓာကိုယ်ကြီးကို ဒါ ဒုက္ခသစ္စာ နောက်မရဏကပ်နေပြီ ဆိုတာတောင်မှ မသေနိုင်သေးပါ ဘူး၊ အဝိဇ္ဇာသဝကလည်း ဟုတ်တယ်တဲ့။

## ဆင်ခြေလဲတာ၊ အာသဝ

နက်ဖြန် သေမှာတောင် မသေနိုင်သေးပါဘူး၊ သူက ပြောတုံးရှိသေးတယ်၊ သဘောကျပလား (ကျပါပြီ) လဲတဲ့

ဆင်ခြေဟူသ၍ဟာ ခုနက၊ ပေါတတ်တဲ့ ဆရာနဲ့ကြုံ၊ ထောင်တတ်တဲ့နားနဲ့လဲ ကြုံပါလျက်သားနဲ့ ကျင့်တတ်တဲ့ အချိန်ကလေးကို၊ ဒကာဒကာမတွေမကျင့် ဖြစ်တာဖြင့် အာသဝေါ၏ ခုခံတွန်းလှန်မှုကြောင့် ဖြစ်ရလေခြင်း၊ ဒါပဲ မှတ်ရမယ်၊ သဘောကျပလား (ကျပါပြီ)။

ဘယ်သူ၏ တွန်းလှန်နေခြင်းကို ကြုံနေကြရလဲ . . . (အာသဝေါ၏ တွန်းလှန်ခြင်းကိုပါ) စဉ်းစားပါ စဉ်းစားပါ၊ ဒီဥစ္စာ သေသေချာချာ သတိပေး နှိုးဆော်တဲ့ သဘောကလေးဟာ၊ ကိုယ့်သန္တာန်ဘယ်သူက ဆင်ခြေလဲနေတယ်ဆိုတာကိုလဲ ရှင်းရှင်းလင်းလင်းသိအောင်လို့ ဒကာဒကာမတို့ နက်ဖြန်လုပ်မယ်၊ သန်ဘက်ခါလုပ်မယ်။ ဒီနေ့တော့ မအားသေးလို့ဆိုတော့၊ ဟိုလ ဒီလတွေ ရွှေ့ပြီးသကာလနေတာ ဘယ်သူတုံးလို့ လက်သည်ရှာကြ၊ နောက်က ဒကာဒကာမတွေ ဘယ်သူပါလိမ့် . . . (အာသဝတွေပါဘုရား) သဘောကျပလား (ကျပါပြီ)။

ဩော် ဒို့ဟာ၊ သူကလည်း ဒုက္ခဆက်ပေးသေးတယ် သူကလဲ မလုပ်ဖြစ်အောင် ဆင်ခြေလဲပြီးသကာလ၊ အာသဝေါကုန်တဲ့အလုပ်ကို မလုပ်ဖြစ်အောင် ဆင်ခြေလဲနေတာဟာ၊ ဩော် ဒို့အပေါ်မှာဖြင့် နည်းနည်းမှ မေတ္တာ၊ ကရုဏာ မပါတဲ့တရားဟာ သူပဲ (မှန်ပါ့)။

## မပါးသေးလို့ ဆင်ခြေလဲတာ

ဘယ့်နှယ်ကြောင့် သူဆင်ခြေလဲတာ လိုက်နာနေပါ လိမ့်မလဲလို့ မေးဖို့မလိုဘူးလား (လိုပါတယ်) ဩော် ကျုပ်တို့က မပါးသေးလို့ပေါ့ဗျာ၊ ဘယ်လိုများ ဆုံးဖြတ်ချက်ချကြမလဲ (မပါးသေးလို့ပါဘုရား) မပါးသေးလို့လို့ ဆုံးဖြတ်ချက်ချကြစမ်းပါလို့ သတိပေးလိုက်ပါတယ်။

မပါးသေးတော့မကျင့်ဖြစ်သေး၊ မကျင့်ဖြစ်သေးတော့ အာသဝေါစကားနားထောင်ပြီးသကာလ သားရေးသမီးရေး၊ စီးပွားရေးက အလုပ်ခွင်ကလေးက မပြေပြစ်သေးလို့ဆိုတော့ သူကမလုပ်ဖြစ်တဲ့ဆီ ရောက်အောင် အာသဝေါကုန်မှာ စိုးရိမ်တဲ့အတွက် အာသဝေါတရားကပဲ ဒီမှာ ဒုက္ခရောက်မှာ အဆက်ပြတ်မှာ စိုးရိမ်တဲ့အတွက် ဝင်တားနေတာလို့ မှတ်လိုက်စမ်းပါ။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ ဒုက္ခအဆက်မပြတ်ရအောင်လို့သူဝင်ပြီး ဆင်ခြေလဲနေတာ ရှင်းပလား (ရှင်းပါပြီ) ဒုက္ခအဆက်မပြတ်ရအောင်လို့. . . (သူဆင်ခြေလဲနေတာ) ဘယ်သူကပါလဲ (အာသဝကပါ)။

ကိုင်း ဒကာဒကာမတို့ ခင်ဗျားတို့ ပါးစပ်က မဟုတ်ပါဘူး၊ တပည့်တော်မအားသေးလို့ တပည့်တော် မလပ်သေးလို့ တပည့်တော် ကိစ္စတွေက မပြီးပြတ်သေးလို့ပါ

ဘုရားလို့ ဘုန်းကြီးက မေးလို့ လျှောက်လျှောက်၊ ကိုယ့်ဝမ်းထဲမှာ ဒါလေးပြီးမှ လုပ်မယ်ပဲဆိုဆို အာသဝေါက ဝင်ပြီ၊ သဘောပါကြပလား (ပါပါတယ်ဘုရား)။

ဘယ်လူက ဝင်ပြီး ဆင်ခြေလဲနေလဲ (အာသဝေါကပါ) အဲဒါ ပါးစပ်ကမဟုတ်ဘူး၊ ပယောဂကလာတာ၊ ရိပ်မိပလား (ရိပ်မိပါပြီ) ဘယ်သူက လာတာပါလိမ့်. . . (ပယောဂကလာတာပါ) ဘယ်တရားကပါလိမ့်တုံး (အာသဝေါတရားကပါ)။

## အာသဝက ချယ်လှယ်နေတာ

ကိုင်း ဒကာဒကာမတို့ ဒီလောက်ဆိုလို့ရှိရင် ဘုန်းကြီးတရား ကိုဖမ်းပြီးသကာလ အမိဆုံးဖြတ်ချက်ချတာဖြင့် သြော် . . . ဒို့ ကိုယ်တိုင်သိဖို့ဟာဖြင့် အတော်ခဲယဉ်းပါလား၊ ဆရာဘုန်းကြီးက သေသေချာချာ ရှင်းပေးလို့သာ ဒို့လဲနေတဲ့ ဆင်ခြေတွေဟာ ပါးစပ်က ထွက်တာမဟုတ်ဘူးဟ နော်၊ အာသဝေါက ဝမ်းထဲကနေ ချယ်လှယ်နေတာ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (အာသဝေါက ဝမ်းထဲက ချယ်လှယ်နေတာ) ရှင်းကြပလား (ရှင်းကြပါပြီ)။

ဒီနေ့ မနည်းပဲ ကြိုးစားခဲ့ရတယ်ဆိုတာ အာသဝေါ

ကျော်ရတာနော်၊ ဒီနေ့ဖြင့် ဟာသွားပြီဆိုတာ အာသဝေါက တားလိုက်တာ သဘောကျပလား (ကျပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ဒုလ္လဘကို ခင်ဗျားတို့ အလွဲသုံးစားလုပ်တော့မလားလို့ ဆိုတဲ့မေးခွန်းဟာ မမေးပါနဲ့ ဆိုလို့မရဘူး၊ မေးရတော့မှာပဲ။

ဟောတတ်တဲ့ဆရာနဲ့ တွေ့ပါပလား (တွေ့ပါပြီ) ထောင်တတ်တဲ့နားလေးရော ရှိကြပါပလား (ရှိပါပြီ)။ ကျင့်တတ်တဲ့ဉာဏ်ကလေး ဘယ်နှယ်ကြောင့် မကျင့်ပါလိမ့်မလဲဆိုတော့၊ အာသဝေါ၏တရားကို တပည့်တော်တို့ တသွေမတိမ်းလိုက်နာနေလို့ပါဘုရား၊ ဆိုတဲ့ အဖြေပဲထွက်တယ်၊ သဘောပါကြပလား (ပါပါတယ်)။

သေသေချာချာ ဉာဏ်နားနဲ့ထောင်မှ ဒီဥစ္စာတစ်လုံးမှ မလွဲဘူးနော်၊ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## အာဠဝကဘီလူးကြီး

အဲဒါကြောင့် ဒီအာသဝေါတရား အာသဝကို ဩဃတို့ ယောဂတို့ကို အရှင်ဘုရားတဲ့၊ အာဠဝက ဘီလူးက မေးတယ်၊ ဒီဘဝ သုံးပါးကို မျှောမျှောပေးနေတာ ဒီအာသဝနော် (မှန်ပါ့)။

ဘဝသုံးပါး၊ ဟိုဘဝဒီဘဝနဲ့ ဒုက္ခရောက်အောင်

ဖြစ်ရတာ ဒီကနေ ဒီမျှော ဒီကနေ ဒီမျှော၊ ဒီကနေ ဒီပြန်မျှော ဒုက္ခအဆက်မပြတ်အောင် မျှောနေတာ ဘယ်သူပါလိမ့် . . . (အာသဝပါ) အာသဝေါတရား ကျေနပ်ပါလား (ကျေနပ်ပါပြီ)။

အဲဒီမှာ အာဠဝက ဘီလူးဆိုတာ အောင်ခြင်းရှစ်ပါး ထဲပါပါတယ်၊ အာဠဝက ဘီလူးတို့လည်း ခင်ဗျားတို့ သိကြပါတယ်နော် (မှန်ပါ့)။

## ဘုရားနဲ့တန်ခိုးပြိုင်တယ်

အဲဒီအာဠာဝက ဘီလူးက တန်ခိုးတွေ ပြိုင်ပြီးသကာလ၊ ဘုရားကို သူနေတဲ့ ရာဇပလ္လင်မှာ ဘုရားတက်ထိုင်ပြီး နေတဲ့အခါ၊ သူ့နန်းတော်ထဲမှာ သူဟာ အင်မတန် တန်ခိုးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ငါ့နေရာ တက်ထိုင်ရမလား ဆိုပြီး ဘုရားနဲ့ စစ်ထိုးတယ်ဆိုတာ၊ ကိုမြင့်တို့၊ မောင်နိုင်တို့ ကြားဘူးပါတယ် (မှန်ပါ့)။

တောင်ကြီးတွေ သူ့ခြေထောက်နဲ့ ဆောင့်လိုက်မယ် ဆိုရင်ဖြင့် မြင်းမိုရ်တောင်ကြီးတောင် ထက်ခြမ်း အက်တယ်၊ ဒီလောက်တောင် ကမ္ဘဇိဒ္ဓိကံကြောင့် ဖြစ်တဲ့တန်ခိုး ရှိပါတယ်နော်။

ပုဆိုးကို မြှောက်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် ဒကာ

ဒကာမတို့ တောတွေတောင်တွေဟာ အကုန်မီးဟုန်းဟုန်း ထတောက်ပါတယ်၊ ဒါလောက်တန်ခိုးကြီးတယ်။

အဲဒီတင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို၊ ဘယ်တန်ခိုးနဲ့မှ ပြိုင်လို့မရဘူး၊ ဒါပေမဲ့ လက်နက်အမျိုးမျိုး နဲ့ ပစ်ချပြီး ပြိုင်လိုက်တဲ့အခါ၊ အကုန်ဘုရားရှေ့မှာ ပန်း ပေါက်ပေါက်ဖြစ်ပြီးသကာလ ဘုရားမေတ္တာတော် ကရုဏာ တော်ကို မထိုးဖောက်နိုင်တာနဲ့၊ ကိုင်းငါတော့ဖြင့် ဒီအတိုင်း တော့ အရှုံးမပေးသေးဘူး။

## ဩဃလေးပါးကို ဘယ်လူနဲ့ ကူးခတ်မလဲ

ရှင်ကြီးဂေါတမ မေးမှုပဲဆိုပြီး၊ ရှင်ကြီး ဂေါတမ ဩဃလေးပါး ဘယ်သူနဲ့ ကူးခတ်မလဲ မေးတာကိုး။

ဩဃလေးပါးသည် ဒီဩဃသည် ဒီက ဒီမျှော ၊ ဒီကဒီမျှောဆိုတော့ ရေဩဃတွေပေါ့လေ။

အဲဒီကဲ့သို့ ဟိုကဒီမျှော၊ ဒီကဟိုမျှောနေတဲ့ဥစ္စာ၊ ရှင်ကြီးဂေါတမ ဒါဘယ်သူနဲ့ ကူးခတ်ပြီး၊ ဩဃလေးပါး လွန်မြောက်နိုင်သလဲ။

ဆိုတော့ သဒ္ဓါယ တရတိဩဃံ ဘုရားက ဖြေချ လိုက်တယ်၊ မင်းသည် သဒ္ဓါကောင်းကောင်းနဲ့၊ ဘုရား ဟောတော်မူတာ၊ သေသေချာချာယုံကြည်ပြီးသကာလ၊

သစ္စာရှိတယ် ဖြစ်ပျက်အနိစ္စရှိတယ်ဆိုတာ သေသေချာချာ ယုံကြည်ပြီး သကာလ၊ မင်းတို့သည်ကားလို့ ဆိုရင် ယုံကြည်လုံးသန်သန်နဲ့သာ ထားပြီးအလုပ်လုပ်မယ်ဆိုလို့ ရှိရင်ဖြင့်ကွာတဲ့ ဒီဩဃ မမျှောနိုင်ပါဘူး။

ပစ္စုပ္ပန်ဘဝက အနာဂတ်ဘဝ၊ အနာဂတ်ဒုက္ခကို မမျှောပါဘူးတဲ့၊ သဒ္ဓါတရား ဖြူဖြူစင်စင်နဲ့ ဘုရားဟောတော်မူသောကြောင့် ဧကန်သစ္စာရှိပြီး၊ ဧကန် ဒုက္ခသစ္စာရှိရင် နိရောဓသစ္စာ ရှိတယ်။ မောင်နိုင် ဒုက္ခသစ္စာရှိရင် . . . (နိရောဓသစ္စာရှိပါတယ်) ဆက်ဆက်သာ ယုံစမ်းပါတဲ့ (မှန်ပါ့)

သဒ္ဓါယ တရတိဩဃံ ဆိုတဲ့အတိုင်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၊ ဗေါဓိဆိုတဲ့ဉာဏ်ကို တစ်ခါတည်း ယုံယုံကြည်ကြည်နဲ့ အဟုတ်ကိုပဲ သစ္စာရှိ၍ သစ္စာသိအောင် လုပ်မယ်ဆိုတဲ့ သဒ္ဓါယုံယုံကြည်ကြည်နဲ့သာ ဆိုလို့ရှိရင် ဒီဩဃပြတ်ရမယ်ကွ။

**"သဒ္ဓါယတရတိဩဃံ"** လို့ ဘုရားက ဖြေလိုက်တယ်။

**"အပ္ပမာဒေန အဏ္ဏဝံ"** တဲ့ မမေ့မလျော့တဲ့ သတိဉာဏ်နဲ့ နေမယ်ဆိုရင်ဖြင့်ကွာ ဒီဩဃကြီး ဘယ်လောက်ကျယ်ကျယ် ကူးခတ်နိုင်ပါတယ်။

**"ဝီရိယေန ဒုက္ခမစ္စေတိ"** တဲ့ ဝီရိယလေးလဲ ကူပါကွ တဲ့၊ သဒ္ဓါရယ်၊ သတိရယ်၊ ဝီရိယရယ်ပေါ့လေ။

**"ပညာယပရိသုဇ္ဈတိ"** တဲ့ ပညာနဲ့ဆိုရင် ဟောဒီ အာသဝေါတရားတွေ အကုန်ဖြူစင် ထွက်ပါတယ်ကွ။ သဘောကျပလား (ကျပါပြီ)။

## သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာ

ဒါကြောင့် သဒ္ဓါတို့၊ သတိတို့၊ ဝီရိယတို့ ပညာတို့ဟာ အလွန်အရေးကြီးတဲ့ တရားဆိုတာကို ဒကာဒကာမတို့ သိပလား . . . (သိပါပြီ)။

ဒီဒုက္ခနဲ့ ဒီဒုက္ခမဆက်ချင်ရင် သဒ္ဓါလိုမယ်၊ သတိလိုမယ်၊ ဝီရိယလိုမယ်၊ ပညာလိုမယ်၊ သဘောကျပလား (ကျပါပြီ) ရှင်းပြီနော် . . . (ရှင်းပါပြီ)။

## အာသဝေါတရားဖြတ်ပုံ

ဒါဖြင့် ဒကာဒကာမတို့ကို ဘုန်းကြီးက ဘုရားအပေါ် မှာ ယုံယုံကြည်ကြည်နဲ့ ဘုရားက အနိစ္စရှိတယ် ဆိုလို့ရှိရင် ဖြင့် ခင်ဗျားတို့က၊ ဒါ ဘုရားဟောထားတာ တစ်လုံးမှ မလွဲတဲ့ဥစ္စာ၊ အနိစ္စရှိတာကို၊ အနိစ္စအရှိကိုပဲ မရှိတာမှ မဟုတ်ဘဲရှိတာ၊ ဘုရားအပေါ် ယုံကြည်ပြီးသကာလ

အရရှာလိုက် မောင်နိုင် ခန္ဓာပေါ် အရရှာ . . . (မှန်ပါ့)။

မတွေ့ပေဘူးလား၊ တွေ့ပါတယ်၊ ဒါ ဘုရားအပေါ်မှာ ဒါ ခင်ဗျားတို့က ဉာဏ်က မထင်သေးတောင်မှ ယုံယုံကြည်ကြည်နဲ့ ဘုရားက ရှိတယ်လို့ ပြောလို့၊ ဒုက္ခသစ္စာလဲရှိတယ်၊ ဖြစ်ပျက်ဒုက္ခသစ္စာလဲရှိတယ် ဆိုသဖြင့် သေသေချာချာ တွေ့မယ်၊ သဘောကျပလား . . . (ကျပါပြီ)။

အဲဒီသဒ္ဓါနဲ့ ကူးခတ်လို့ရှိရင် ရပါတယ်ဆိုတာကော သဘောကျပလား (ကျပါပြီ)။

ဖြစ်ပျက်တွေ့ပြီဆိုကတည်းက ဩဃ ချုပ်တော့မှာကို သဘောကျပလား (ကျပါပြီ) သဒ္ဓါက ယုံယုံကြည်ကြည်နဲ့ လုပ်စမ်းပါ။

သတိကလည်း အင်း-ဘယ်လိုပဲ ခန္ဓာကိုယ်ထဲမှာ အစုံအလင် ရှိတဲ့တရားတွေကိုဖြင့်၊ သတိထားပြီး သကာလ အမြဲတန်း စောင့်စောင့်ကြည့်နေမယ် ဆိုလို့ရှိရင်လည်း သတိအကူအညီနဲ့ ဆိုလို့ရှိရင်၊ ဒုက္ခသစ္စာတွေ တွေ့မှာပဲ ဖြစ်ပျက်တွေ၊ မတွေ့ပေဘူးလား (တွေ့မှာပါဘုရား)။

အပ္ပမာဒေန အဏ္ဏဝံဆိုတာလည်း သတိပါပဲ၊ သူက အာသဝ သမုဒ္ဒရာကြီးကို ကူးနိုင်ခတ်နိုင်တယ်ဆိုတယ်။

ပညာယ ပရိသုဇ္ဈတိတဲ့ ပညာကျတော့ကွာတဲ့ ဒီဥစ္စာ အာသဝေါတရား လေးပါးအကုန် ခန်းခြောက်သွားတာပါပဲတဲ့ သဘောကျပလား (ကျပါပြီ)။

## အလုပ်လုပ်မှ၊ ဒုက္ခမဆက်မှာ

ဒါဖြင့် ဒကာဒကာမတို့ ကျုပ်တို့သည် လုပ်ကြပါစို့တဲ့ အလုပ်လုပ်မှဘဲ ဒီဒုက္ခနဲ့ ဒီဒုက္ခမဆက်နိုင်မှာ။

အတိတ်ဒုက္ခနဲ့ ပစ္စုပ္ပန်ဒုက္ခ၊ အလုပ်နဲ့မှ မဆက်နိုင်မှာ ပစ္စုပ္ပန်ဒုက္ခနဲ့ အနာဂတ်ဒုက္ခ မဆက်မိအောင်လည်း (အလုပ်လုပ်ရမှာပါ) အေး. . . အလုပ်ဆိုတော့ ခုနက ဒကာဒကာမတို့ သိပြီးဟောထားတဲ့အတိုင်း သတိဝိရိယ သမာဓိ ပညာတို့နဲ့ လုပ်ကြရလိမ့်မယ်နော် သဘောကျပလား (ကျပါပြီ)။

ကိုင်း ဒါဖြင့် အာသဝေါတရား ဖြတ်ပုံလဲ သိပါပြီ၊ အာသဝေါတရား ဖြတ်နည်းကိုလည်း ပြပါတော့မယ် ဆိုတဲ့ ဥစ္စာ ဒကာဒကာမတွေလေးစားစွာနဲ့ မှတ်ပါတော့နော်။

လေးစားစွာနဲ့ မှတ်ရတော့မယ်ဆိုတော့ ဒကာဒကာမတို့ ဝတ္ထုလေးတစ်ခု ထုတ်လိုက်မယ်နော်။

## သောဏသူဌေးသား

ခြေဖဝါးမှာတောင်မှ အင်မတန် နူးညံ့လို့ အမွေးကလေးတွေ ပေါက်တဲ့ သောဏသူဌေးသားဆိုတာ မောင်နိုင်တို့ ကြားဘူးကြလိမ့်မယ်နော်၊ သောဏ သူဌေးသား ဆိုတာ အင်မတန် ချမ်းသာတယ်နော် . . . (တင်ပါ့)။

ဆန်သုံးနှစ်ရှိတဲ့ ဆန်မှ နံ့သာတွေဘာတွေနဲ့ လှောင်ပြီးသကာလ သူစပါးခင်းမှာ နွားနို့ရေ၊ သကာရေ တို့နဲ့ ရေသွင်းပြီးသကာလ၊ သူ့တန်ခိုးနဲ့ စပါးတွေ စိုက်ပြီး နွားနို့ထဲက အပင်ပေါက်နေတယ်။

နွားနို့နဲ့ ရေနဲ့ရောပြီး အပင်ပေါက်တယ်၊ ဒီအထဲမှာ နံ့သာမှုန့်တွေကြဲပြီး သကာလမှ စပါးသီး၊ စပါးပွင့်တွေ ဖြစ်နေတယ်၊ ဖြစ်လာတော့ သူစပါးခင်း ပွင့်လိုက်တယ်ဆိုရင် အားလုံး မွှေးကြိုင်နေတာပဲ။

ဒီကြားထဲမှာ အမေအဖေက ငါ့သားတန်ခိုး၊ ကုဒ္ဒိပါတ်နဲ့ပြည့်စုံတယ်ဆိုပြီး သကာလ ဒီအသီးတွေကို စပါးသီးတွေ၊ စပါးနှံတွေကို စပါးကျီထဲ သုံးနှစ် အမွှေးအကြိုင်တွေနဲ့ လှောင်လို့ သုံးနှစ်ရှိတဲ့ စပါးမှထောင်းရတယ်။

## သူ့စပါးခွံဟာ ပေါင်ဒါမှုန့်ထက်မွှေးတယ်

ရိုးရိုးပြောကြပါစို့ဆိုရင် သူ့စပါးဟာ မောင်နိုင်၊ သူ့စပါးခွံဟာ အခုပေါင်ဒါမှုန့်ထက်မကဘူး အလိုလို မွှေးနေတယ်၊ စပါးပင်အနေနဲ့ သူ့စပါးခွံကိုယ်က အခုပေါင်ဒါတွေထက်မကဘူး အလိုလိုမွှေးတယ်။

ဒါလောက်ပဲသူဟာ ဘုန်းတန်ခိုးအာနုဘော် ကြီးပြီး သကာလ ပစ္စည်းကလည်း ချမ်းသာ၊ ပုဗ္ဗေစကလည်းပါပြီး

သကာလနေလို့။ နေတဲ့ပုဂ္ဂိုလ်ဟာ ဘုရားသခင်ကိုယ်တော် မြတ်ကြီးတွေ့တဲ့အခါကျလို့ရှိရင်၊ သာသနာဘောင် ဝင်ချင်တယ်ဆိုတဲ့စိတ် ပေါ်ပေါက်ပြီးသကာလ သာသနာဘောင် ဝင်လိုက်တာပဲ . . . (မှန်ပ့ါ)။

## သောဏရဟန်း သုသာန်မှာ အားထုတ်တယ်

သောဏသူဌေးသားပေ့ါဗျာ၊ ဒါနဲ့ သောဏသူဌေးသားဟာ သူ့မှာ ဒီပြင်ဟာကိစ္စ မရှိဘူး၊ အရင်က သူဌေးသားဖြစ်ပြီးသကာလနေတော့ ဘယ်သူမှ မမြင်ရ၊ အိမ်ထဲမှာရှိတဲ့ မောင်းမမိဿံတွေသာ မြင်ရတယ်။

သူဌေးသားကလည်း သူများသူဌေးသားနဲ့က မတူ၊ အင်မတန် နူးညံ့တဲ့ သူဌေးသား၊ အစစယဉ်ကျေးတာမှာလဲ တန်းကုန်ဖြစ်ပြီးသကာလနေလို့၊ လာကြည့်ဒါနဲ့ပဲ သူ့အကြည့်ခံရတာနဲ့ မအားတာနဲ့၊ တောတွင်းသုသာန်သွားပြီး မောင်နိုင်တရားအားထုတ်တယ်။

တရားအားထုတ်တော့ အင်မတန် ခြေဖဝါး လက်ဖဝါးက နုတဲ့ပုဂ္ဂိုလ်ဖြစ်ပြီး သကာလနေတော့ စင်္ကြံနဲ့ချည်းကြိုးစားလိုက်တယ်။

## ခြေဖဝါးက သွေးတွေထွက်လာတယ်

မတ်တပ်စကြီနဲ့ ကြိုးစားလိုက်တော့ နဂိုကမှ နေမထိ၊ လေမထိ၊ ရွှေနန်းဆောင်ဆိုသလိုပဲ၊ သူဌေးမှာ သုံးဆောင်ထဲ ကူးသန်းပြီးနေတဲ့ပုဂ္ဂိုလ်ဟာ အခုတောထွက်တော့တစ်ယောက်တည်းလဲနေရ၊ သုသာန်ဇရပ်ပေါ် စကြီလျှောက်ရတဲ့အခါ ခြေဖဝါးမှာ တစ်ခါတည်း သွေးတွေထွက်လာတယ်။

ဝီရိယာသိပ်ကြိုးစားပြီး စကြီသွားလိုက်တယ်၊ နဂိုကလည်း နူနေတာနော်၊ အဲဒါတောင်မှ မရဘူး မဂ်ဖိုလ်မရဘူး။

## ဒူးနဲ့လက်နဲ့ထောက်ပြီးသွားတယ်

မဂ်ဖိုလ်မရတော့၊ ဟာမလျှော့သေးဘူးဟ ဆိုပြီး သကာလ၊ ဒကာဒကာမတွေ ကြားဘူးတဲ့အတိုင်း၊ ခြေဖဝါးပြင်နဲ့ မသွားနိုင်တဲ့အခါ၊ ဒူးနဲ့လက်နဲ့ ထောက်ပြီးသကာလ လေးဘက်သွားတယ်ပေါ့ဗျာ။

လေးဘက်သွားပေမဲ့ မရဘူး မောင်နိုင်၊ မရဘူး၊ အဲဒီကဲ့သို့ မရတော့မှ ဘုရားသခင်က ကျောင်းမှာနေတာ၊ သူကတော့ သုသာန်ထဲမှာ တရားအားထုတ် နေတာ။

သူ့စိတ်ထဲ အောက်မေ့နေတယ်။ ကိုင်း ငါသည်ကား ဆိုရင် စကြီနဲ့သွားအားထုတ်တာ ခြေဖဝါးတွေ သွေးတွေ ထွက်ပြီးသကာလ မသွားနိုင်တော့ဘူး။

ဒါ လုံ့လဝီရိယမလျှော့ပဲနဲ့ ငါသည်ကားလို့ ဆိုလို့ ရှိရင် ဒူးထောက်ပြီးသကာလ၊ သွားရင်းကြိုးစားပြန်တော့ လည်း၊ ဒူးတွေမှာလည်းခု သွေးတွေဘာတွေ ထွက်ပြီးသကာ လ မသွားနိုင် မလာနိုင် ဖြစ်နေပြန်ပြီ။

## ဒိဘဝမဂ်မရထိုက်တဲ့ ပုဂ္ဂိုလ်များလား

ငါသည်ကားလို့ဆိုရင် ဥဂ္ဃဋိတညူပုဂ္ဂိုလ်လည်းမဟုတ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်လည်းမဟုတ်၊ နေယျပုဂ္ဂိုလ်လည်းမဟုတ်ဘူး၊ အင်မတန် ညံ့ဖျင်းတဲ့ အဖျင်းဆုံး ဒိဘဝမဂ်မရထိုက်တဲ့ ပဒပရမ ပုဂ္ဂိုလ်သာ၊ ငါသည်ကားလို့ ဆိုလို့ရှိရင်ဖြစ်လေခြင်းပဲ။

အဲဒီတော့ ငါ့မှာလည်း ပစ္စည်းဥစ္စာရတနာတွေ ကလည်း အိမ်မှာ နည်းတာတွေ မဟုတ်ဘူး၊ အမေအဖေမှာ ဒီဟာတွေနဲ့ပဲ လျှုဒါန်းပေးကမ်းပြီး နေမှထင်ပါရဲ့၊ မဂ်ဖိုလ် ရထိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး ထင်ပါရဲ့လို့ လျှော့တယ်။

## ဘုရားက သိတော်မူတယ်

လျှော့လိုက်တော့ ဘုရားက ကျောင်းပေါ်ကသိတယ်၊ ကျောင်းပေါ်ကနေ သောဏဘာဘယ်လိုနေတုံးလို့ ကြည့်လိုက်တဲ့ အခါ၊ သောဏ လျှော့ကုန်ပါပေါ့လား ဆိုပြီး၊ ဘုရားသခင်

ကိုယ်တော်မြတ်ကြီးက သူလျှော့တဲ့အသံကိုလည်း ဒိဗ္ဗ သောတအဘိညာဏ်နဲ့ ကြားတာနဲ့၊ တစ်ခါတည်း သူ့ရှေ့ မှောက်မှာပဲ ဣဒ္ဓိပါဒ် အဘိညာဏ်နဲ့ တစ်ခါတည်း မောင်နိုင် ရေ၊ သူ့ရှေ့မှောက်မှာပဲ တင်ပလ္လင်ခွေလေး ရောက်လာ တယ်။

## ဘုရားက မေးလို့ဖြေတယ်

ဟော့ သောဏ မင်း . . . ဘယ်နှယ်များ အားထုတ် နေသတုံး ပြောစမ်းပါဦးကွ ဆိုတဲ့အခါကျတော့၊ တပည့်တော် ဟာ ဘုရား၊ အင်မတန်မှ အာသဝေါကုန်ခန်းတဲ့ နိဗ္ဗာန်ကြီးကို ရောက်ချင်တာနဲ့၊ တပည့်တော် စင်္ကြံတွေနဲ့ ကြိုးစားလိုက်တာ ခြေဖဝါးတွေ သွေးထွက်ပြီးသကာလ၊ မရပါဘူးဘုရား အာသ ဝေါကုန်ခန်းတဲ့ နိဗ္ဗာန်ကြီးကို မမြင်ရပါဘူး။

တပည့်တော် လုံ့လဝီရိယမလျှော့ပဲနဲ့ ဒူးထောက်ပြီး သကာလ သွားပါတယ်။ ကြမ်းပေါ်မှာ အဆင့်ဆင့် သွားပါ တယ်။

သွားလိုက်တဲ့အခါ သုသာန်ဇရပ်ပေါ်မှာ ဖြစ်နေ တော့ သုသာန်ကြမ်းပေါ်မှာ ဖြစ်နေတဲ့အတွက်၊ တပည့်တော် မှာ ပင်ပန်းပြီး သွေးတွေဘာတွေထွက် နိဗ္ဗာန်မရပါဘူးဘုရား ဒုက္ခသစ္စာချုပ်တဲ့ နိဗ္ဗာန်မမြင်ရပါဘူးဘုရား။

အဲ . . . ငါ့သား သောဏ၊ မင်း ငါဥပမာလေး တစ်ခု ပြောပ့ါမယ်ကွာ၊ မင်းလဲ သတိထားပါဦး ဆိုပြီး သကာလ ဘုရားက ဥပမာလေးတခု ပြောတယ်။

မင်းဟာ သူဌေးသားမဟုတ်လား (ဟုတ်ပါတယ်) မင်းသည်ကားလို့ဆိုရင်၊ သူဌေးသားဖြစ်စဉ်အခါတုန်းက စောင်းတွေ ဘာတွေများ ဝါသနာပါခဲ့သလား (ပါပါတယ် ဘုရား၊ စောင်းတီးအတတ်လဲ တပည့်တော်တတ်ပါတယ်။)

## စောင်း ဥပမာ

အေး စောင်းတီးတတ်ရင် မင်းစဉ်းစားပုံ ပြောစမ်းပါကွာ၊ ဘယ်လိုများ စဉ်းစားရမလဲဆိုရင်၊ စောင်းကြိုးက သိပ်တင်းတဲ့အခါကျတော့ အသံ ဘယ့်နှယ်နေသတုံးကွ-ဟာ အသံက သိပ်ပြီးသကာလ ကြမ်းကြမ်းတမ်းတမ်း ထွက်လာ တယ်။

အဲဒါ ရှိပါစေတော့ကွာ၊ တင်းလွန်းတော့လည်း ကြမ်းတမ်းတယ်ဆိုတာ ဟုတ်တာပေ့ါကွ၊ အင်း . . . မင်း ရော့ရော့လေး ထားလိုက်ပြန်တော့၊ မင်းရော့နိုင်သမျှ ရော့ရော့လေး ထားလိုက်ပြန်တော့ မင်း ဘယ်နှယ်နေသတုံး ကွ၊ အို . . . အသံကို မပြည်တော့ပါဘူးဘုရား။

## မလျှော့မတင်း ကျင့်မှရမယ်

ဒါဖြင့် မင်းသည်ကားလို့ ဆိုရင်ဖြင့် ဘယ်လိုထား ရသတုံးကွ ၎င်းစောင်းကို ပြောစမ်းပါဦးဆိုတော့၊ မလျှော့ မတင်းပဲ ထားရတယ်ဆိုတာ သူ့ဆီကလာတဲ့စကား၊ ရိပ်မိ ပလား (ရိပ်မိပါပြီ)။

အဲဒီလို မလျှော့မတင်းထားလိုက်တဲ့ အခါကျတော့ အသံတွေဟာ ကောင်းကောင်းမွန်မွန် ဖြစ်လာပါတယ်ဘုရား။

အဲဒီတော့ ကွာတဲ့ မင်းသည်ကားလို့ဆိုလို့ရှိရင် မင်းဟာ ဘယ်လိုဖြစ်နေသတုံး ဆိုလို့ရှိရင်ဖြင့် ငါပြောပြမယ် ကွာတဲ့၊ တရားအားထုတ်တဲ့အခါ မင်းဟာ၊ ဝီရိယနဲ့ သမာဓိ မညီမျှဘူး။

ဝီရိယ လွန်နေတယ်၊ သိပ်ဉာဏ်စောနေတယ်၊ သိပ်ကြိုးစားပစ်တယ်၊ မရမနေဘူးကွ၊ သိပ်ဝီရိယ လွန်နေ တော့ သူ့မှာ သွေးတွေထွက်နေတယ်၊ စိတ်တွေမောနေတယ် မောင်နိုင်ရသေးရဲ့လား (မရပါ)။

ဒီဘက်က ဖြစ်ပျက်တွေပေ့ါလေ။ ဒီဘက်က ခန္ဓာ၏ ဖြစ်ပျက်တွေ ထားပါတော့၊ ဒီဘက်က သောဏပဲ ထားပါ တော့။

## ဝီရိယလွန်ရင် သမာဓိနောက်ဆုတ်တယ်

သိပ်ပြီး ပြင်းထန်လွန်းပြီးသကာလ ဝီရိယလွန်ပြီး ကြိုးစားပြန်တော့ ဗလဝဝီရိယံ မန္ဒသမာဓိ၊ ဗလဝဝီရိယံ အားကြီးသော ဝီရိယရှိသောသူ၊ မန္ဒသမာဓိ = သမာဓိညံ့တယ်။ နောက်ဆုတ်သွားပြီကွ သဘောကျပြီလား (ကျပါပြီ)။

ဝီရိယလွန်တော့ ဘာနောက်ဆုတ်သွားသလဲ (သမာဓိ နောက်ဆုတ်သွားပါတယ်) သမာဓိက ကောသဇ္ဇ ပက္ခိပတ္တာကွတဲ့၊ ဘုရားက ဟောပြန်တယ်၊ ဝီရိယလွန်သွားပြန်တော့လည်း သမာဓိမရှိဘူး၊ ဥဒ္ဓစ္စ ဆိုတဲ့ ပျံ့လွင့်မှု မလုပ်ချင်မှုတွေ ဝင်လာတယ်။ သဘောကျပလား (ကျပါတယ်)။

ဝီရိယလွန်သွားတော့ ဘာတွေဝင်လာလဲ . . . (ပျံ့လွင့်မှု) ဥဒ္ဓစ္စဆိုတဲ့ ပျံ့လွင့်မှု၊ မလုပ်ချင်မှုတွေ ဝင်လာတယ် သဘောကျပလား (ကျပါပြီ)။

အဲဒါကိုတဲ့ မင်းသည်ကားလို့ဆိုရင်၊ ဝီရိယလွန်တယ်၊ ဥဒ္ဓစ္စ ဆိုတဲ့ ပျံ့လွင့်မှုဝင်ပြီးသကာလနေသောကြောင့်၊ မင်းဖြစ်ပျက်ကို မတွေ့ဘူး။

ဒါ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်များ မှတ်စမ်းပါ၊ ဝီရိယလွန်ရင် ပျံ့လွင့်မှု၊ မလုပ်ချင်တော့ဘူး ဆိုတာတွေ ဝင်လာတတ်

တယ်၊ အဲဒီကျလို့ရှိရင်ဖြင့်၊ ပျံ့လွင့်မှုဝင်လာလို့ရှိရင်ဖြင့်၊ ဗလဝ ဝီရိယံမန္တသမာဓိ သမာဓိ နဲ့သွားလို့သာ အောင်မေ့ပေတော့လို့ (မှန်ပ့ါ) သဘောကျပြီလား (ကျပါပြီ)။

## ဝီရိယလွန်ရင် ပျံ့လွင့်မှုဝင်လာ

ဝီရိယလွန်ခဲ့လို့ ပျံ့လွင့်မှုဝင်လာတယ်၊ ဘာ့ကြောင့် ပျံ့လွင့်မှု ဝင်သတုံးလို့ မေးဖို့လိုတယ်၊ ဘာဖြစ်သွားသလဲ (သမာဓိအားနည်းသွားလို့ပါ) သမာဓိအားနည်းသွားပြီ သဘောကျပလား (ကျပါပြီ)။

သောဏကို ဟောနေတာနော် . . . ဘုရားက၊ ခုနက သူကဝီရိယကောင်းတဲ့လူ၊ အရိုးကြေကြေ၊ အရေ ခြောက်ခြောက်၊ သွားပြီးလုပ်တဲ့ပုဂ္ဂိုလ်ပါလား၊ နည်းတဲ့ ဝီရိယလား။

အဲတော့ ဝီရိယကောင်းတော့ သမာဓိက ဘာဖြစ် သွားသလဲ . . (နုံ့သွားတယ်) နုံ့သွားတော့ မလုပ်တော့ဘူး ကဲ . . . အိမ်ပြန်ပြီး လျှဒါန်းပေးကမ်းနေတော့မယ်၊ ဥဒ္ဓစ္စ ဝင်လာတယ်။

ဒီအလုပ်ပေါ်မှာ ပျံ့သွားပြီ၊ မပျံ့ဘူးလား၊ (ပျံ့ပါ တယ်) သဘောပါကြပလား (ပါပါတယ်)။

အဲဒါကြောင့် အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည်၊

အိမ်မှာပဲ အားထုတ်အားထုတ်၊ ဒီမှာပဲ အားထုတ်အားထုတ်၊ အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ဝီရိယဟာ၊ မလွန်ရပါဘူးဆိုတာ သေသေချာချာ မှတ်ပါ၊ သောဏကို ဘုရားဟောနေပြီ သဘောကျပလား . . . (ကျပါပြီ)။

အကြောင်းပြပြီး ဟောတယ် မဟုတ်လား၊ တင်းလွန်း တော့လည်းကွ၊ အသံမကောင်းဘူးဆိုတော့၊ ဝီရိယလွန်လွန်း တော့လည်း မရဘူးပြောတာ၊ သဘောကျပလား (ကျပါပြီ)။

ဒါကြောင့် ဝီရိယလွန်တော့ ဘယ်သူနဲ့သလဲ . . . (သမာဓိပါ) သမာဓိနဲ့တော့ ဘယ်သူဝင်လာသလဲ (ဥဒ္ဓစ္စ ဝင်လာပါတယ်) ပျံ့လွင့်မှုဝင်လာတယ်။

ဥဒ္ဓစ္စဆိုတာ ပါဠိလို မြန်မာလို၊ ပျံ့လွင့်မှု ဝင်လာ တယ်၊ မလုပ်တော့ဘူးဘုရား၊ ဒီနေ့တော့ လျှော့လိုက်ဦးမယ် မလာပေဘူးလား (လာပါတယ်ဘုရား)။

## ဝီရိယနဲ့ သမာဓိ ညီပါစေ

ကိုင်း ဒါဖြင့် ဒကာဒကာမတို့၊ ဝီရိယနဲ့ သမာဓိကို ညီညီလေးသွားပြီး ဖြစ်ပျက်ရှုတဲ့ စိတ်ကလေး ခန္ဓာပေါ် လွှတ်ပါ၊ သဘောကျပလား . . . (ကျပါပြီ) ဝီရိယနဲ့ သမာဓိ ညီညီထားပြီးတော့ (ခန္ဓာပေါ်လွှတ်ပါ) ခန္ဓာပေါ်ကို ညီမျှ နေအောင် ထားပြီးတော့ အဖြစ်အပျက်ရှုပေး. . . ။

တည့်တည့်ကြီး လွှတ်စမ်းပါ၊ ရရမယ်ကွတဲ့၊ ဘုရားက ရှင်းပလား (ရှင်းပါပြီ) သဘောပါပလား . . . (ပါပါပြီ)။

ကိုင်း ဒါဖြင့် ဝီရိယ လွန်လို့ရှိရင် မရဘူးဆိုတာ၊ ဥဒ္ဓစ္စ၊ ပျံ့လွင့်မှုဝင်တယ်ဆိုတာ၊ သမာဓိ ညံ့ပြီး ပျံ့လွင့်မှု ဝင်လာတယ်ဆိုတာ၊ ကိုမြင့်တို့ မောင်နိုင်တို့ ကျေနပ်ပလား (ကျေနပ်ပါပြီ)။

ကဲ ဒီအထဲက သမာဓိကို ဒီဘက်ကထားလိုက်စမ်းပါ၊ သမာဓိလွန်တဲ့အခါကျလို့ရှိရင်ဖြင့်၊ လဝသမာဓိမန္ဒဝိရိယ နေဉ်၊ သမာဓိလွန်သွားပြန်လို့ရှိရင်ဖြင့်လည်း ဝီရိယက နုံ့မသွားဘူးလား . . . (သွားပါတယ်)။

အဲ ဝီရိယက နုံ့သွားလို့ရှိရင်ဖြင့်တဲ့ ဒကာဒကာမတို့ ကောသဇ္ဇတွေ လာပြန်တာပဲ။

ဒါဖြင့် တိုတိုပြောကြပါစို့၊ ဝီရိယနဲ့ သမာဓိကို နွားနှစ်ကောင် ကြိုးစုံကိုင်ပြီးသကာလ၊ အောက်ပြည်မှာ မောင်းသလို ဘယ်သူမှ မသာအောင် မောင်းပစ်ပါ။ လမ်းဖြောင့်ဖြောင့်သွားတာကို ဒီကျတော့။

ဖြစ်ပျက်အပေါ်မှာ ဖြောင့်ဖြောင့်သွားတော့တယ်ဆိုတာ ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါပြီ) အဲဒါ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက်မှာဖြင့်၊ သောဏ

ဘုရားဟောတာသည် နမူနာပဲဆိုတာ ဒကာဒကာမတို့ မှတ်ရမယ်။

## သောဏနည်းကိုယူပါ

ဒကာဒကာမတွေလည်း အဲဒီနည်းမယူလို့ရှိရင် ရကိုမရဘူး၊ သဘောကျပလား (ကျပါပြီ) ဖြစ်ပျက်ပေါ်မှာ ဝီရိယနဲ့ သမာဓိကို ညီမျှအောင် လုပ်ပါ၊ ဖြစ်ပျက်ပေါ်မှာ . . . (ဝီရိယနဲ့ သမာဓိကို ညီမျှအောင်လုပ်ရပါမယ်)။

ညီမျှအောင်လွှတ်လိုက်လို့ရှိရင်ဖြင့် ဒီဖြစ်ပျက် မတွေ့ မရှိဘူး၊ သဘောကျပလား . . . (ကျပါပြီ) ဖြစ်ပျက်တွေ့တဲ့ တစ်နေ့ကျလို့ရှိရင် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်တွေ့ရမယ်။

ဖြစ်ပျက်မှ မတွေ့တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်တွေ့ဖို့အရေး ကွာဝေးပါတယ်လို့ မှတ်လိုက်စမ်းပါ၊ သဘောကျလား (ကျပါပြီ)။

ဒါဖြင့် ဒီနှစ်လုံးဟာ အရေးမကြီးဘူးလား (ကြီးပါတယ်) ဘယ်သူ့ဟောတာတုံးလို့ မေးတဲ့အခါကျတော့ သောဏဟောနေတာ (မှန်ပါ့)။

ကောင်းပြီ အားထုတ်ပါတော့၊ ဒီနှစ်လုံးတည်းနဲ့ အားထုတ်လို့ မရသေးဘူး၊ ဒီဝီရိယဆိုတာ ဖြစ်ပျက်မြင်တဲ့ တရားမဟုတ်ဘူး၊ ညီမျှအောင်ပဲ ရှိတာပဲ၊ သမာဓိဆိုတာ ညီရဲ့

ရှိတာပဲ၊ ဖြစ်ပျက်မြင်တဲ့တရားတော့ မဟုတ်သေးဘူး။

## ပညာကမှ ဖြစ်ပျက်မြင်တယ်

ညီညွတ်အောင်လို့သာ ထားပါလို့ပြောတာ၊ ဖြစ်ပျက်မြင်တဲ့တရားအစစ်ကတော့ ဒကာဒကာမတို့ ပညာမှ မြင်တယ်နော်။

ပညာကို သူတို့က အကူအညီတွေကို မောင်နိုင်ရ (မှန်ပ့ါ) အဲတော့ ပညာနဲ့ သဒ္ဓါကိုလည်း တစ်ခါ ဘုရားက ညှိပြန်တယ်။

ပညာနဲ့ သဒ္ဓါဟာလည်းကွာတဲ့၊ ဗလဝပညော မန္ဒသဒ္ဓေါ. . . တဲ့၊ ပညာက သိပ်ပြီးခေါင်းဆောင်နေပြန်လို့ရှိရင်လည်း၊ သဒ္ဓါက နောက်ဆုတ်သွားတယ်။

ဘုရားအပေါ်မှာ မယုံကြည်တဲ့အတွက် ကိုယ့်ဉာဏ်လေးအသုံးချချင်တယ်၊ သဘောကျပလား (ကျပါတယ်) ကိုယ့်ဉာဏ်နဲ့ ဒီလိုသွင်းလိုက်မယ်၊ ဒီလိုသုံးလိုက်မယ် ဆိုလို့ရှိရင်၊ လွယ်လွယ်နဲ့ မရဘူးသူက (မှန်ပ့ါ)။

ဘုရားအပေါ်မှာ ယုံကြည်လုံးသန်သန်နဲ့ ဘုရားက ဒီလိုဟောလို့ ဒီလိုမြင်ရမယ်ဆိုတဲ့ဥစ္စာကို စွဲရတယ်။

## ဘုရားအပေါ်မှာ ယုံကြည်မှု ပြင်းထန်ရမယ်

ကိုယ့်ဉာဏ်နဲ့ကိုယ် အသုံးချလို့ မရဘူး၊ သဘောကျပလား (ကျပါပြီ) ဘုရားအပေါ်မှာ မမှန်တဲ့ဟာကို တစ်လုံးမှ မပြောဘူး၊ မှန်တာကိုသာ ဆိုလေ့ပြောလေ့ရှိတယ်၊ မှန်တာကိုသာ ဟောလေ့ပြောလေ့ရှိတယ်။

သူပြောတဲ့အတိုင်း အမှန်လုပ်လို့ရှိရင်ဖြင့် အမှန်ရောက်တာပဲလို့၊ သူ့အပေါ်မှာ ယုံကြည်တာ ပြင်းပြင်းထန်ထန်ထားရမယ်၊ သဘောကျပလား (ကျပါပြီ)။

သွာကွာတောဘဂဝတာ ဓမ္မော၊ ပေါ့လေ ဘဂဝတာ = မြတ်စွာဘုရားသည် သွာကွာတော = မဟုတ်ပဲနဲ့ဟာ တစ်လုံးမှမပြောပဲနဲ့၊ အဟုတ်ချည်းအမှန်ဟောတော်မူတဲ့ ကိုယ်တော်၊ ဒီလိုဘုရားအပေါ်မှာ ယုံကြည်တဲ့သဒ္ဓါနဲ့ ဒီပညာကလည်း မလွန်ပဲနဲ့၊ ပညာလွန်တော့ ကိုယ့်ဉာဏ်စွမ်း ကိုယ်သုံးပစ်လိုက်တယ်၊ ကောက်ကျစ်တဲ့ဘက် လှည့်လှည့်ပြေးတယ်၊ သဘောကျပလား (ကျပါပြီ).

ဒါကြောင့် ဗလဝပညောမန္ဒသဒ္ဓေါလို့ ဟောတာ၊ ပညာလွန်လို့ရှိရင် သဒ္ဓါနောက်ဆုတ်တယ်ကွ၊ မရဘူးတဲ့ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ပညာလွန်တော့၊ သဒ္ဓါနောက်ဆုတ်တယ်

ပညာလွန်ပြန်တော့ သဒ္ဓါနောက်ဆုတ်တယ်၊ မရနိုင်ဘူးတဲ့၊ ဒီဖြစ်ပျက်ကို မမြင်နိုင်ဘူး၊ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် သဒ္ဓါသက်သက် လွန်နေပြန်လို့ရှိရင်လည်း မောင်နိုင် မရပြန်ဘူး၊ သဒ္ဓါက ဘာတုံးဆိုလို့ရှိရင်ဖြင့်တဲ့၊ သဒ္ဓါဆိုတာ သူက ယုံကြည်တတ်တာသာ ရှိတယ်ပဲ။

သူ့မှာ ပညာနဲ့ မတွဲလို့ရှိရင်၊ သူယုံကြည်ချင်တဲ့ ဥစ္စာ ယုံကြည်ချလိုက်တာပဲ၊ မှန်တယ်၊ မမှန်တယ် ရွေးသေးရဲ့လား . . . (မရွေးပါဘူး)။

အဲဒါ သဒ္ဓါနဲ့ ပညာနဲ့ဟာတဲ့၊ သဒ္ဓါက ယုံကြည်ချင်တာကိုလည်း ရမ်းပြီးမယုံကြည်ပဲနဲ့၊ ပညာနဲ့တွဲပြီးသကာလ ယုံကြည်ဦး။

တစ်ခုသောတရားကို နှစ်ခုပေါင်းပြီးသကာလ ယုံကြည်နဲ့ပညာနဲ့တွဲပြီး အလုပ်လုပ်ရမယ်။

ဒါဖြင့် သဒ္ဓါကိုလည်း မလွန်စေနဲ့၊ ပညာကိုကော . . . (မလွန်စေနဲ့) အဲ . . . သဒ္ဓါပညာ၊ သဒ္ဓါလွန်လို့ရှိရင် ဒကာဒကာမတို့ မဟုတ်တာကို ကြည်ညိုလေးစားပြီး သကာလ သွားတတ်တယ်၊ သဘောကျပလား . . (ကျပါပြီ)။

## ဒါရုစီရိယ

ရှေးတုန်းက သဒ္ဒါလွန်လို့ ဒါရုစီရိယကိုကြည့်၊ ဒါရုစီရိယဆိုတာ သင်္ဘောပျက်ပြီးသကာလ သွားတယ်၊ ဒကာ ဒကာမတို့သိတဲ့အတိုင်း သင်္ဘောပျက်ပြီးသွားတော့ ခုနစ်ရက်တိုင်တိုင် သင်္ဘောပျက်ပြီး ခုနှစ်ရက်မြောက်ကျမှ ကမ်းနားရောက်တယ်။

ကမ်းနားရောက်တဲ့အခါ၊ သူ့မှာ အဝတ်မပါဘူး၊ သစ်တုံးတစ်တုံးပေါ်မှာနေပြီးသကာလ နေရတော့၊ ဒကာ ဒကာမတို့ သူက အဝတ်မပါတာနဲ့ မြစ်ကမ်းနားမှာရှိတဲ့ ကျူရိုးကလေးတွေ ဝါးအစကလေးတွေကို သစ်သားကလေးနဲ့ ခက်ခက် ခက်ခက်ပြီး ဇျပ်ကလေးလုပ်တာပေါ့ဗျာ။

ဇျပ်ကလေးလုပ်ပြီးဝတ်သွားတဲ့အခါကျလို့ရှိရင်၊ ဟို . . . လှေဆိပ်ကို လျှောက်သွားတယ်၊ စားချင်သောက်ချင်လို့။

## ဒီပုဂ္ဂိုလ်မှ အခြိုးခြံဆုံးပုဂ္ဂိုလ်တဲ့

အဲဒီမှာ ပုဂ္ဂိုလ်တွေက ဘုရားကလည်း ပွင့်နေတဲ့အခါ ဖြစ်တော့၊ သဒ္ဒါလွန်ပြီး သဒ္ဒါချည်းသက်သက် အသုံးချလိုက်တော့ အို . . . ဒီပုဂ္ဂိုလ်မှ လောကကြီးထဲမှာ ခြိုးခြံတဲ့ပုဂ္ဂိုလ်ပဲ၊ ဒါ အခြိုးခြံဆုံးပုဂ္ဂိုလ်။

ကြည်ညိုလိုက်တာ သိပ်ကြည်ညိုသွားတယ်၊ ကဲ

သဒ္ဓါချည်းဆိုတော့မှားမနေဘူးလား . . . (မှားပါတယ်) သဘောကျကြပလား (ကျပါတယ်) သဒ္ဓါချည်းတော့ . . . (မှားပါတယ်ဘုရား)။

အဲဒါကြောင့်သဒ္ဓါကို ပညာနဲ့တွဲမှ အမှန်ရောက်မယ်၊ သဒ္ဓါကို . . . (ပညာနဲ့တွဲမှ အမှန်ရောက်ပါမယ်) ရှင်းပလား (ရှင်းပါပြီ)။

သဒ္ဓါချည်းသက်သက်ဆိုရင်၊ ဒါအဝတ်မပါတာ ရဟန္တာလို့ ထင်နေကြတယ်၊ ဘယ်လောက်ကြောက်စရာ ကောင်းသလဲ။ သူ့ခမျာ သဘော်ပျက်လို့ အဝတ်မပါတာ၊ အဲတော့ ဒီပုဂ္ဂိုလ်မှ ရဟန္တာတဲ့၊ အင်မတန်ခြိုးခြံတာ အဝတ်ကို မရှိတော့ဘူးဆိုတော့ (မှန်ပ့ါ)။ သဒ္ဓါဟာ ဘယ်နှယ်နေသတုံး ကွာ မောင်နိုင် . . . (မပါပါဘူး)။

## သဒ္ဓါလွန်ပြန်တော့ ပညာနောက်ဆုတ်တယ်

အဲဒါကြောင့် သဒ္ဓါလွန်ပြန်လို့ရှိရင်လည်း ဒကာ ဒကာမတို့ ပညာဆုတ်သွားတဲ့အတွက် မကြည်ညိုသင့်တာ ကြည်ညိုတတ်တယ်၊ သိပ်ကြောက်စရာကောင်းပါလား၊ သ ဘောကျပလား (ကျပါပြီ)။

အဲဒါကြောင့် သောဏဟောတာ၊ သောဏ မင်း . . . သဒ္ဓါနဲ့ပညာ မခွဲနဲ့နော်၊ ဖြစ်ပျက်ရှုတော့မှ သဒ္ဓါနဲ့ ပညာ

ဘာတဲ့ . . . (မခွဲရပါဘုရား) ရှေ့နောက် မထားနဲ့ကွ၊ ပြိုင်တူဖြစ်ပျက်ရှုတဲ့အခါ ခန္ဓာဘက်ကို လှည့်ပါ၊ သဘောကျပလား . . . (ကျပါပြီ)။

သဒ္ဓါနဲ့ ပညာ ဘယ်သူ့ရှေ့ထားရမယ် (ပြိုင်တူထားရမယ်) ပြိုင်တူထားကြည့်တော့ ဖြစ်ပျက်ကြည့်၊ ခန္ဓာဆီကြည့်ရမှာပေါ့လေ။ ဘယ်သူမှ မသာ၊ ဘယ်သူ့ဘယ်သူမှ မသာစေနဲ့ သောဏရ (မှန်ပါ့)။

သေချာဟောထားတယ်၊ မဟောဘူးလား (ဟောပါတယ်) ဒါဖြင့် သဒ္ဓါနဲ့ ပညာ ဘယ်သူ့အသာထားရမယ် (ပြိုင်တူထားရပါမယ်)။

## ပညာသာရင် ကောက်ကျစ်တယ်

ပညာသာရင် ကောက်ကျစ်တယ်ကွ၊ ကိုယ့်ဉာဏ်ကိုယ်အသုံးချပစ်တယ်၊ အလွဲချည်းဖြစ်တယ်။

သဒ္ဓါချည်းသက်သက်ကြီးထားပြန်တော့လည်း၊ မဟုတ်တာသွားပြီး ကြည်ညိုတတ်တယ်ကွ၊ ဒါဖြင့် ဒကာဒကာမတို့ ယခုတချို့ကြည်ညိုပြီးသကာလနေကြတာတွေ၊ အမျိုးမျိုးအဝတ်မဝတ်တာတွေ၊ အမျိုးမျိုးကြည်ညိုပြီး သကာလ။

အမျိုးမျိုးအဖုံဖုံပေါ့ဗျာ၊ မရှိဘူးလား ရှိပါတယ်၊ အဲဒါ

တချို့သဒ္ဓါလွန်ပြီး၊ ဒါမှ ခြိုးခြံတယ် ဒါမှအလုပ်၊ ရဟန္တာ အလုပ်ထင်ပြီးသကာလ သဒ္ဓါလွန်တာနဲ့ပဲ ထုစ်ခါတည်း ဒကာဒကာမတို့ ပညာဆွံ့ပြီးသကာလ အမှန်မရောက်တော့ ဘူး ရောက်သေးရဲ့လား . . . (မရောက်ပါဘူး)။

အကြည်ညိုလွဲတယ်၊ မလွဲဘူးလား (လွဲပါတယ်) ဒါကြောင့် သဒ္ဓါချည်းလောက်ကို ရှောင်ကွ၊ ဘုရားက မဟော ဘူးလား၊ ဟောပါတယ် သေချာဟောတယ်နော်၊ ခင်ဗျား တို့က သဒ္ဓါတရား ကောင်းတာကို သိပ်ချီးမွမ်းနေတယ်။

## ပညာမပါရင် အလကားပဲ

သဒ္ဓါချည်းကောင်းနေလို့ရှိရင် အလကားပဲ၊ ပညာ မပါရင် အလကားပဲ၊ သဒ္ဓါချည်းကောင်းနေတဲ့ အခါကျတော့ ကြည်ညိုလိုက်တာ၊ ကြည်ညိုလိုက်တာ ဆိုပြီးသကာလ သဒ္ဓါ ချည်းကောင်းနေပြီးသကာလ နေတယ်။

သဒ္ဓါချည်း ကောင်းနေပြီးသကာလ ပညာမပါတော့ ပြီ ဆိုလို့ရှိရင်ဖြင့်၊ ဒကာဒကာမတို့ မကြည်ညိုသင့်တာကို ကြည်ညိုတဲ့ အဓိပ္ပါယ်ရောက်ပါတယ် ရှင်းပြီးနော် . . . (ရှင်းပါတယ်)။

ခုနက၊ ဒါရုစိရိယအဝတ်မဝတ်တာကို သူတို့ ရဟန္တာ လုပ်ပလိုက်တယ်၊ သဒ္ဓါသမားက ဘာလုပ်ပစ်လိုက်သလဲ . . . (ရဟန္တာလုပ်ပစ်လိုက်ပါတယ်) ဒါမှ ခြိုးခြံတာအစစ်။

## မရှိလို့မဝတ်တာ၊ ရဟန္တာထင်နေတယ်

မရှိလို့ မဝတ်တာ ခင်ဗျားတို့က ဘာဖြစ်နေ . . . (ရဟန္တာဖြစ်ပါတယ်) ဒါမှ ခြိုးခြံတဲ့ပုဂ္ဂိုလ်ဆိုတော့ မောင်နိုင်ပညာပါသေးရဲ့လား . . . (မပါပါဘူး) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါကြောင့် သဒ္ဓါချည်းသက်သက်လည်း ဒကာဒကာမတို့ အမှန်မရောက်ဘူး၊ ပညာချည်းသက်သက်လည်း၊ ကောက်ကျစ်တဲ့ဘက်ပြေးလို့၊ ကိုယ်ပိုင်ဉာဏ် သုံးလိုက်ပြန်ရင်လည်း၊ ကိုယ်ပိုင်ဉာဏ်က လက်နှစ်သစ်လောက်နဲ့ ဘုရားဉာဏ်ကို နှိုင်းယှဉ်လိုက်ပြန်တော့လည်း မှားသွားတယ်၊ ပညာလွန်တော့လည်း မှားတယ်။

သဒ္ဓါလွန်တော့လည်း ဒကာဒကာမတို့ မကြည်ညိုသင့်တာ ကြည်ညိုတယ်၊ ပညာလွန်သော် ကောက်ကျစ်တယ်၊ သဘောကျပလား (ကျပါပြီ)။

သဒ္ဓါလွန်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ မကြည်ညိုထိုက်တာ ကြည်ညိုတယ်၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် သဒ္ဓါပညာဘယ်လိုထားကြမယ် (အညီအမျှထားရမယ်) ဖြစ်ပျက်ပေါ်မှာ ပြိုင်တူထား၊ ဝီရိယနဲ့သမာဓိကိုလည်း (ပြိုင်တူထားရမယ်)။

ဒီလိုချည်းနဲ့ ဝိပဿနာလုပ်ရင်၊ မရမရှိဘူးဆိုတာ

အသေအချာ ဘုရားအဆုံးအဖြတ်ချပေးပါတယ်ဆိုတာ ကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါပြီ)။

## ဒါ အလုပ်သမားအတွက်

ကောင်းပြီ ဒါ အလုပ်သမားအတွက်မှာဖြင့်မောင်နိုင်၊ သဒ္ဓါပညာညီဖို့ရာ အတော်အရေးကြီးတယ်နော်။ ဝီရိယ သမာဓိ ညီညွတ်ဖို့ . . . (အရေးကြီးပါတယ်) ဒီလေးခု ညီညွတ်လို့ရှိရင် ဒကာဒကာမတွေ ဘယ်နည်းနှင့်မှ မရမရှိဘူး ဆိုတဲ့ဉစ္စာ၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်အဆုံး ဖြစ်တဲ့ နိဗ္ဗာန် ခင်ဗျားတို့ ရရမယ်။

မရမရှိဘူး၊ ဒီလိုညှိပေးမည့် ဆရာမရှိပြန်လို့ရှိရင်၊ ပြင်ပေးမည့် ဆရာမရှိလို့ရှိရင်လည်း၊ တစ်ခါတည်း တချို့ကျ တော့ ဝီရိယနည်း သမာဓိလွန်ပြီး သမထဘက်လှည့်သွားပြီး၊ ကြောက်စရာ လန့်စရာတွေ ပေါ်လာပြီး သွေး၊ လေ ပျက် ရူးတာပဲ။

ဒါ သမာဓိ၊ သမာဓိလွန်တာပဲ၊ သဘောကျပလား (ကျပါပြီ) ဝီရိယနဲ့ သမာဓိလည်း ညီမျှအောင် အားထုတ်၊ သမာဓိချည်း လွှတ်ပေးလိုက်တဲ့အခါ၊ သမထဘက် လွဲမသွား ဘူးလား (လွဲသွားပါတယ်)။

## သတိကတော့ ပိုတယ်မရှိ

ဒီဘက်လှဲပြီး ကြောက်စရာ လန့်စရာတွေ မြင်ပြီး သကာလ၊ ရှူးနောက်ပြီးသွားတတ်တယ်၊ အဲတော့ ညှိဖို့ရာ အလွန်အရေးကြီးတယ်၊ သဘောကျပလား . . . (ကျပါပြီ)။

ဝီရိယနဲ့ သမာဓိကို ဘယ်လိုထားရမယ် . . . (အညီ အမျှ ထားရမယ်) အညီအမျှထားရမယ်၊ ဖြစ်ပျက်ရှုတဲ့ဆီကို အညီအမျှထားရမယ်။

သဒ္ဓါပညာကော . . . (အညီအမျှထားရမယ်)။

သတိဆိုတဲ့ တစ်လုံးကတော့ဖြင့်၊ သတိဆိုတဲ့ တစ်လုံး ကတော့ဖြင့် ဒကာဒကာမတို့ နေရာတိုင်းမှာ အသုံးချရ သလိုပဲ၊ ဆားမပါရင် ဘယ်ဟင်းမှ မကောင်းသလိုပေါ့ဗျာ။

သူကတော့ဖြင့် အပိုအလိုမရှိပါဘူးတဲ့ ဒကာဒကာမ တို့ အမြဲတမ်း ပါအောင်လုပ်ပါ (မှန်ပါ့)။

သဒ္ဓိန္ဒြေ၊ ပညိန္ဒြေ၊ သမာဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ ဆိုတာ ဣန္ဒြေ သဘောကျပလား (ကျပါပြီ) အဲဒီငါးခုဖြင့် ဒကာဒကာမတို့ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှာ ညီမျှအောင်လုပ်လို့ ရှိရင် မရမရှိပါဘူးတဲ့ . . . (မှန်ပါ့) သဘောပါပလား (ပါပါပြီ)။

ကောင်းပြီ ဒါဖြင့် ငါးခုပေါ့ကွာ၊ဣန္ဒြေငါးပါးပေါ့၊ ညှိ တတ်ပလား (ညှိတတ်ပါပြီ) ပထမနှစ်ခုက ဦး မရှိစေနဲ့၊ ညီတူ

ညီမျှပေါ့၊ ဒုတိယနှစ်ခုကကော . . . (ဦးမရှိစေနဲ့ပါ)။

ဩော် . . ဝီရိယနဲ့ သမာဓိ။ သဒ္ဓါနဲ့ . . . (ပညာ) ရှေ့နှစ်ခုက ဘာပါလိမ့် (ဝီရိယနဲ့ သမာဓိပါ) အဲ မလွန်စေနဲ့နော် . . . (တင်ပ့ါ)။

နောက်နှစ်ခုက ဘာပါလိမ့် . . . (သဒ္ဓါနှင့် ပညာပါ) သဒ္ဓါနှင့် ပညာ သူတို့နှစ်ခုလည်း ပြိုင်ဘက်နော်၊ သတိကတော့ ဘယ်အခါမဆို လိုလို့အမြဲတန်းတွဲထားတယ် ရှင်းပလား . . . (ရှင်းပါပြီ)။

## ဣန္ဒြေညီရင်မရမရှိ

ဒီဣန္ဒြေညီမျှလို့ရှိရင် ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီပုဂ္ဂိုလ်ဘယ်တော့မှ မရဘူးလို့ မဟောပါဘူးကွာ ညီညွတ်အောင်လုပ်ပေးတတ်တဲ့ဆရာနဲ့သာ ကြုံပါစေ၊ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ) ရှင်းပြီနော် (ရှင်းပါပြီ)။

အဲဒီလိုဟောပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တန်ခိုးနဲ့လာပြီး၊ တန်ခိုးနဲ့ ကျောင်းတော်ပြန်တယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး တန်ခိုးနဲ့ ကျောင်းတော်ပြန်သွားတော့ သောဏက၊ ဒီတစ်ခါတော့ဖြင့် ကျကျနန လုပ်လိုက်မှပဲ၊ ဘုရားက စောင်းဥပမာလည်း ပြသွားပြီ၊ ဘယ်သူ့ ဘယ်သူမလွန်စေနဲ့။

## ဘုရားဟောတဲ့အတိုင်း သောတာကျင့်တယ်

ဝီရိယလည်း မလွန်စေနဲ့၊ သမာဓိလည်း မလွန်စေနဲ့ ညီညီမျှမျှစောင်းသံကောင်းသလိုပေါ့နော်။

သဒ္ဓါကိုလည်း မလွန်စေနဲ့ပညာကိုလည်း မလွန်စေနဲ့ သတိကတော့ဖြင့် နေရာတိုင်းထားကွ၊ သေသေချာချာ ဟောသွားတဲ့အတွက် ငါ ဒီတစ်ခါဖြင့် ကြိုးစားပါတော့မယ် ဆိုပြီး ကြိုးစားလိုက်တယ်။

ကြိုးစားလိုက်တော့ ခန္ဓာကိုယ်မှာ လှည့်ပြီးကြည့် လိုက်တာပဲ၊ တစ်ခါတည်း ဒကာဒကာမတွေ အနိစ္စတွေ မြင်လာတယ်။

အနိစ္စတွေမြင်လာပြီး အနိစ္စမုန်း၊ အနိစ္စဆုံးဆိုတဲ့ သောတာပန်တည်တာပဲ ညှိချလိုက်တာပဲ၊ သဘောကျပလား (ကျပါပြီ) ညှိလိုက်တော့ ဒကာဒကာမတို့ မမြင်လား . . . (မြင်ပါတယ်)။

## အာသဝေါကုန်လို့ရဟန္တာဖြစ်တယ်

နောက်တစ်ခါ ဒီအတိုင်းသာ အားထုတ်တော့၊ တစ်ခါတည်း ရဟန္တာဖြစ်တယ် ဆိုကြပါစို့၊ ဒါညီရင်ရတာပဲ သဘောကျပလား (ကျပါပြီ)။

ရပြီးသကာလ၊ ကိုင်း နေရာကျပြီဆိုပြီး သကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဆီ သွားပြန်တယ်။

အရှင်ဘုရား၊ ကျေးဇူးတော်ရှင် ဂုဏ်တော်အနန္တနဲ့ ပြည့်စုံတဲ့ ကိုယ်တော်ကြီးဖြစ်တဲ့အတွက် တပည့်တော်ဖြင့် အာသဝေါကုန်ခန်းလို့ ရဟန္တာဖြစ်ပါပြီလို့ အသေအချာ လျှောက်တာပဲ ။

## အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ရတဲ့နည်း

ဒါမရတဲ့ပုဂ္ဂိုလ်ရတဲ့နည်း (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဘယ်သူ့အတွက် ဟောတယ်ဆိုတာဖြင့် အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ဒါနည်းရရုံပဲ၊ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒါသာညီမျှရင် မရမရှိဘူးလို့မှတ်ပါ၊ ကျေနပ်ပလား (ကျေနပ်ပါပြီ)။

ဒါဖြင့် သောဏမှာ ပါရမီပါလို့လား၊ ဒါညီမျှလို့လား စဉ်းစားပါ (ညီမျှလို့ပါ)။

နဂိုက ပါရမီပါလို့ပဲ သာသနာဘောင်ဝင်ပေါ့ပဲ၊ သို့သော်လည်း သူနောက်တောင်ဆုတ်ပြီ၊ ငါ့ပစ္စည်းတွေ ရှိသားပဲ၊ ငါမင်္ဂရထိုက်တဲ့ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ငါ့ပစ္စည်းတွေနဲ့ပဲ လှူဒါန်းပေးကမ်းပြီးသကာလ၊ အဲဒီကပဲ နေပါတော့မယ်။

ရဟန်းအဖြစ်မှ လူထွက်ပြီးသကာလ သူဌေးသား အဖြစ်နဲ့ပဲ လျှုဒါန်းပေးကမ်းပြီး နေပါတော့မယ်၊ ဒီဘဝ ငါရထိုက်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူးဆိုတော့ ကမ္မဋ္ဌာန်းက လွန်နေ ပြီ သဘောကျပလား (ကျပါပြီ)။

ဘာလွန်နေတယ်ဆိုတာ ဝီရိယလွန်နေတာ၊ ဝီရိယ လွန်နေတော့ သမာဓိက ဘယ်နှယ်နေသလဲ (နုံ့သွားတယ်) နုံ့သွားတဲ့အခါကျတော့ ခုနက မလုပ်တော့ဘူးဘက် သွားတယ်၊ မလုပ်တော့ဘူးဆိုတော့ ပျင်းတာပေါ့။

အဲဒီဘက်လှည့်သွားတယ် ဆိုတာ သဘောကျပလား (ကျပါပြီ) ဒါဖြင့် သောဏ ဘုရားသခင်ကိုယ်တော်မြတ်ကြီး က သဒ္ဓါ ပညာတွေ ညီပါစေကွာ၊ ဝီရိယနဲ့ သမာဓိညီမျှပါစေ။

မင်းစောင်းဥပမာလည်း ငါပြောပြီးပြီပေါ့၊ မင်းဒီ အတိုင်းသာ ကြိုးစားတော့ဆိုပြီး ဘုရားနည်းပေးပြီးပြန်တာပဲ (မှန်ပါ့)။

## သောဏထေရ်ကတရားနဲ့ ပူဇော်တယ်

ပြန်သွားပြီးသကာလ ဒီအတိုင်း ကြိုးစားတော့လည်း သောတာပန်၊ သကာဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်သို့ ရောက်လို့ ဘုရားဆီကို ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တ ကိုယ်တော်ကြီးဆိုပြီး သွားပြီးပူဇော်ကန်တော့တာပဲ။

တရားနဲ့ပူဇော်တာပဲ ရိပ်မိပလား (ရိပ်မိပါပြီ)။

မရစရာ အကြောင်းရှိရဲ့လား (မရှိပါဘူး) ဒါဖြင့် ဒီနေရာဘယ်သူလိုသလဲဆိုတော့၊ ကလျာဏမိတ္တဆိုတာ ဆရာ သမားသိပ်လိုတယ် မလိုဘူးလား (လိုပါတယ်) သူမပါ ရင် မရပါဘူးတဲ့။

သူမပါရင် မရဘူး၊ သူမပါလို့ရှိရင် ကိုယ်ပိုင်ဉာဏ် လွန်သွားမှာပဲ၊ သမထဘက် စောင်းသွားမယ်၊ သဘောကျ ပလား (ကျပါပြီ)။

အဲဒီကဲ့သို့ စောင်းသွားပြန်လို့ရှိရင်လည်း ကိုယ်ကျိုး နဲတတ်တယ်၊ သဘောကျပလား (ကျပါပြီ) သမထဟာ ဆရာ နဲ့ ကင်း၍မဖြစ်ဘူးဆိုတဲ့ဥစ္စာကို၊ ဒကာဒကာမတို့ ကျေကျေ နပ်နပ် သဘောကျပလား (ကျပါပြီ)။

သောဏမှာ အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်ပဲ၊ သူတစ်ခု လွန်နေလို့၊ ဝီရိယလွန်နေလို့ ဆရာ လာလုပ်ရတယ်၊ နို့မို့ရင် လုပ်စရာ ရှိသေးရဲ့လား (မရှိပါဘူး)။

## ညီမျှရေးကို မမေ့ပါနဲ့

ကိုင်း ဒါဖြင့် ညီမျှရေးကို ဘယ်အခါကာလမှ မမေ့ ပါနဲ့၊ အလုပ်သမားတွေနော်။

ဝီရိယနဲ့ . . . (သမာဓိပါ) ညီမျှရမယ်၊ သူကတွဲဖက်

နှစ်ခုကို၊ သဒ္ဓါနဲ့ပညာ . . . (ညီမျှရမယ်) ညီမျှလို့ရှိရင် သတိဟာ ဘယ်အခါကာလမှ ပိုတယ်လို့မရှိဘူး၊ ပါတာချည်းပဲ (မှန်ပါ့)။

ဆိုတော့ ဒါ . . . သဒ္ဓိန္ဒြေ၊ ပညိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ဝီရိယိန္ဒြေ ဆိုတော့ စုလိုက်တဲ့အခါ ဣန္ဒြေငါးပါး သွားဖြစ်တယ်၊ စုလိုက်တဲ့အခါ ဘာဖြစ်သလဲ . . . (ဣန္ဒြေ ငါးပါးသွားဖြစ်တယ်)။

အဲဒီဣန္ဒြေညီမျှရင် မရမရှိဘူးတဲ့၊ ရှင်းပလား (ရှင်းပါပြီ) ဣန္ဒြေညီမျှရင် . . . (မရမရှိပါ) အဲဒီတော့ ဒီဣန္ဒြေညီမျှရင် ခုနက ဩဃလေးပါး အကုန်ကူးခတ်ပြီး သကာလ ဒကာဒကာမတို့ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဩဃမရှိတာ။

## ဒီအတိုင်းကြိုးစားရင်ရမယ်

အာသဝမရှိတာ နိဗ္ဗာန်ဆိုသောကြောင့်၊ ဒီငါးခုနဲ့ ကူးခတ်လိုက်လို့ရှိရင် အာသဝနယ်က လွန်မြောက်ပြီး၊ အာသဝေါတရားတွေ ချုပ်ရာနိဗ္ဗာန် သေချာရောက်တယ်လို့ ငါဘုရားတာဝန်ခံတယ်လို့ သေချာဟောတာ သဘောကျပလား (ကျပါပြီ)။

အားငယ်စရာများရှိရဲ့လား (မရှိပါဘူး) ဒီအတိုင်း ကြိုးစားရင်ရမယ်ဆိုတာကော ကျေနပ်ပလား (ကျေနပ်ပါပြီ) ကိုင်းဒါဖြင့် ဒီအတိုင်းကြိုးစား. . .။

ကဲ ဒီနေ့တော်ကြဦးစို့
သာဓု. . . သာဓု. . . သာဓု။